# “ကော်ကို ကျွန်ုပ်တို့ကာကွယ်သည်၊ ကော်က ကျွန်ုပ်တို့ကို ပြန်ကာကွယ်ပေးသည်”

## သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း ရာသီဥတုပြောင်းလဲမှုနှင့် စစ်မက်များကို အလိုက်သင့်တွန်းလှန်သော ဌာနေတိုင်းရင်းသားများ၏ ခံနိုင်ရည်စွမ်း



# ကျေးဇူးတင်လွှာ

သုတေသနလုပ်ငန်းစဉ်တစ်ခုလုံးတွင် ပူးပေါင်းပါဝင်ပြီး ပံ့ပိုးကူညီမှုများပေးခဲ့သော စော်တေးဒဲကော် (ကော်ထီးမူးရှီး) ၏ ဌာနေကရင်လူထုများအား ကျွန်ုပ်တို့မှ ကျေးဇူးအထူးတင်ရှိပါသည်။ ၎င်းတို့၏ အကူအညီမပါပဲ ယခုအစီရင်ခံစာပြီးမြောက်ရန် မဖြစ်နိုင်ပါ။ အထူးသဖြင့် ဦးဆောင်ပါဝင်ခဲ့သော သောသီတောအူးဌာနေတိုင်းရင်းသားများဌယျာဉ်မှ ဌာနေတိုင်းရင်းသူတိုင်းရင်းသားလူငယ်များဖြစ်သည့် ဆရာမနော်စလဲ၊ ဆရာမနော်အိုင်းရစ်၊ ဆရာစောတာလေးလေး နှင့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်မှ ဆရာစောဘလုဒိုတို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။ သောသီတောအူးဌာနေတိုင်းရင်းသားများဌယျာဉ်နှင့် တောအူးခရိုင်ရှိ ခေါင်းဆောင်များအား ၎င်းတို့၏လမ်းညွှန်မှုများ၊ တန်ဖိုးမဖြတ်နိုင်သောအကြံဉာဏ်များနှင့် ပံ့ပိုးကူညီပေးမှုများအတွက်လည်း ကျေးဇူးတင်ရှိပါသည်။ ဤအစီရင်ခံစာကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုထုတ်ဝေနိုင်ရန်အတွက် ကောင်းမွန်သော မှတ်ချက်များ၊ အသိပညာများနှင့် တည်းဖြတ်ပေးခဲ့သော ကျွန်ုပ်တို့၏မိတ်ဆွေ Jack Jenkins Hill ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် ယခုသုတေသနနှင့်အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ငွေကြေးပံ့ပိုးမှုများပေးခဲ့သော Sone Sie အဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါသည်။

# မာတိကာ


**အနှစ်ချုပ်/ နိဒါန်း** ... ၃

**သုတေသနမူဘောင်** ... ၅

**ရည်ရွယ်ချက်နှင့်နည်းလမ်း** ... ၈

**စော်တေးဒဲကော် ဌာနေတိုင်းရင်းသား ဘိုးဘွားပိုင်နယ်မြေ၏ နောက်ခံသမိုင်း** ... ၁၀

**ရာသီဥတုဖောက်ပြန်မှုနှင့် မြန်မာစစ်တပ်၏စစ်ဆင်ရေးများကြောင့် သက်ရောက်မှုများ** ... ၁၅

**စော်တေးဒဲကော်ရှိ ဌာနေတိုင်းရင်းသားလူထုတို့၏ ခံနိုင်ရည်စွမ်း -**
**သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း ရာသီဥတုဖောက်ပြန်မှုနှင့်**
**စစ်ဆင်ရေးများအား အလိုက်သင့်တွန်းလှန်နေထိုင်ခြင်း** ... ၂၀

- ဌာနေဗဟုသုတနှင့် အသိပညာ ... ၂၀
- အရင်းအမြစ်အပေါ်အခြေခံသော အသက်မွေးဝမ်းကျောင်းစနစ်များ ... ၂၂
- သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ... ၂၈
- သစ်တောထွက်ပစ္စည်းရှာဖွေရယူခြင်း ... ၃၀
- လူမှုရေးနှင့်ရပ်ရွာစံနှုန်းများ ... ၃၂
- ဖြစ်ရပ်လေ့လာမှု - မတရားမှုကို ဆန့်ကျင်သူ၊ ဘိုးဘွားပိုင်နယ်မြေကို ကာကွယ်သူ၊ နှင့် နှစ်ပေါင်း ၄၀ ကြာ ပြည်တွင်းစစ်ပြေးဒုက္ခသည်ဖြစ်ရသူတစ်ဦး၏ အတွေ့အကြုံ ... ၃၂

**သစ်တောထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေခြင်း -**
**သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ မိရိုးဖလာစနစ်၊ စော်တေးဒဲကော်** ... ၃၄

- မိရိုးဖလာ သစ်တောစီမံအုပ်ချုပ်ခြင်းစနစ် ... ၃၅
- သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း သစ်တောနှင့်ဘိုးဘွားမြေယာများကို စီမံအုပ်ချုပ်ခြင်းနှင့် ထိန်းသိမ်းခြင်း ... ၃၆

**စော်တေးဒဲကော်၏ သစ်တောနှင့် လူမှုအသိုင်းအဝိုင်းအပေါ် ခြိမ်းခြောက်မှုများ** ... ၃၇

- ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းမီ ခြိမ်းခြောက်ခံရမှုများ ... ၃၇
- ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ခြိမ်းခြောက်ခံရမှုများ ... ၃၈

**နိဂုံး** ... ၃၈

**အကြံပြုချက်များ** ... ၃၉



ယော်လိုချောင်း

# အနှစ်ချုပ်/ နိဒါန်း

သက်ရှိအားလုံး နေထိုင်ရပ်တည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အရေးပါသော ကျွန်ုပ်တို့ ကမ္ဘာမြေကြီး၏ ဂေဟစနစ်သည် ပတ်ဝန်းကျင်ညစ်ညမ်းစေသော လုပ်ဆောင်မှုများကြောင့် မကြုံဖူးသောဖိအားများနှင့်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရပါသည်။ ဇီဝမျိုးစုံမျိုးကွဲများ ရှားပါးလာခြင်း၊ သဘာဝညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကဲ့သို့သော လူသားများပြုလုပ်ခဲ့သည့် ဂေဟစနစ် အကျပ်အတည်းများသည် စိုးရိမ်ဖွယ်ရာမြင့်တက်လျှက် ရှိပါသည်။ အဆိုပါကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းခြင်းမရှိပါက ကမ္ဘာ့အပူချိန်သည် ၂.၄ မှ ၂.၆ အထိ တိုးလာမည်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် ကမ်းရိုးတမ်းဒေသများတွင် ရေလွှမ်းမိုးခြင်း၊ ပြန်၍မရနိုင်သော ဇီဝမျိုးစုံမျိုးကွဲလျော့နည်းသွားမှု နှင့်  ရာသီဥတုဆိုင်ရာကပ်ဆိုက်မှုများ ပိုမိုဖြစ်ပွားခြင်း၊ စသည်များကို ကြုံရမည်ဖြစ်ကြောင်း မကြာသေးမီကထုတ်ဝေသော အစီရင်ခံစာများအရ သိရပါသည်။[၁]

ကမ္ဘာ့ခေါင်းဆောင်များ၊ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ကော်ပိုရိတ်အဖွဲ့အစည်းများအနေဖြင့် ရာသီဥတုပြောင်းလဲမှုသည် လူသားမျိုးနွယ်များ၏ရှင်သန်မှုနှင့် ကမ္ဘာကြီးအတွက် ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း သိရှိကြသော်လည်း ၎င်းတို့၏ နိုင်ငံရေးဦးဆောင်မှုများတွင် ရာသီဥတုကပ်ဆိုးကို ထိရောက်စွာ ပူးပေါင်းဖြေရှင်းနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ အဆိုပါရာသီဥတုပြောင်းလဲမှုသည် ကျွန်ုပ်တို့အားလုံးကိုခြိမ်းခြောက်နေသော ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းတစ်ခုဖြစ်သောကြောင့် ၎င်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ကျွန်ုပ်တို့အားလုံး ဦးစားပေးဆောင်ရွက်သင့်ပေသည်။

၁ *https://www.unep.org/resources/emissions-gap-report-2022*

ဌာနေတိုင်းရင်းသားများနှင့်  ဒေသခံလူထုများအပါအဝင် ဖယ်ကျဉ်ခံထားရသော လူမှုအသိုင်းအဝိုင်းများသည် ကမ္ဘာကြီးပူနွေးစေသော ဖန်လုံအိမ်ဓါတ်ငွေ့ကို အနည်းဆုံးထုတ်လွှတ်သူများဖြစ်သော်လည်း ရာသီဥတုဆိုင်ရာဘေးအန္တရာယ်များ၏ ဒဏ်ကို အများဆုံးခံရမည့်သူများဖြစ်သည်။ ထို့အပြင် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူထုများသည် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကျန်ရှိနေသေးသော ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲများ၏ ၈၀ ရာခိုင်နှုန်းသည် ဌာနေတိုင်းရင်းသားတို့၏ နယ်မြေများတွင်စုစည်းနေပြီး ကျန်နေသေးသော ကမ္ဘာ့သစ်တော၏ ၃၅ ရာခိုင်နှုန်းသည် ဌာနေတိုင်းရင်းသားလူထုတို့၏ တိုက်ရိုက်ထိန်းချုပ်မှုများအောက်တွင် ရှိနေပါသည်။[၂] ထို့ကြောင့် ဌာနေတိုင်းရင်းသားများသည် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေသူများဖြစ်ကြပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝှမ်း ရာသီဥတုဖောက်ပြန်မှု၏သက်ရောက်မှုဒဏ်ကို အဆိုးဆုံးခံရနိုင်ဖွယ်ရှိသည့် ထိပ်တန်းနိုင်ငံ (၃) နိုင်ငံစာရင်းတွင် ပါဝင်ပါသည်။[၃] ဆိုင်ကလုန်းမုန်တိုင်းများ၊ အပူလှိုင်းများ၊ မိုးခေါင်မှု၊ မုန်တိုင်းများနှင့် ရေလွှမ်းမိုးမှုများအပါအဝင် ပြင်းထန်သော ရာသီဥတု၏ဘေးအန္တရာယ်များသည် မြန်မာနိုင်ငံကို ရိုက်ခတ်ခဲ့ပြီး လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း လူသားများနှင့် ဂေဟစနစ်များကို အကြီးအကျယ် ပျက်စီးစေခဲ့ပါသည်။ အဆုံးမသတ်နိုင်သော လက်နက်ကိုင်ပဋိပက္ခနှင့် အာဏာရှင်စစ်အုပ်ချုပ်ရေးတို့၏အောက်တွင် ရာသီဥတုဆိုင်ရာအကျပ်

၂ *https://news.mongabay.com/2020/01/indigenous-lands-hold-36-or-more-of-remaining-intact-forest-landscapes/*

၃ *https://www.un.org/development/desa/dpad/wp-content/uploads/sites/45/CDP-PL-2021-4C-VP.pdf*

အတည်းသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူမှုအသိုင်းအဝိုင်းများနှင့် ဂေဟာစနစ်များအတွက် အကြီးမားဆုံးသော ခြိမ်းခြောက်မှုတစ်ခု အဖြစ် တည်ရှိနေသည်။

ကော်သူးလေနယ်မြေ၊ တောအူးခရိုင်၊ စော်တေးဒဲကော် အတွင်းရှိ ဌာနေကရင်တိုင်းရင်းသားများသည် သဘာဝကပ်ဆိုး များဖြစ်သည့် မုန်တိုင်း၊ မြေပြိုမှု၊ ရေကြီးမှုနှင့် သီးနှံဖျက်ပိုးကျ ခြင်းတို့အပြင် နှစ်ပေါင်း (၇၀) ကြာ ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခ၊ ထိုးစစ်နှင့်အကြမ်းဖက်မှု၊ နေရပ်စွန့်ခွာထွက်ပြေးရ ခြင်း၊ နှင့် ရွှေ့ပြောင်းနေထိုင်ရခြင်းများအပါအဝင် မြန်မာစစ် အစိုးရ၏ ဖိနှိပ်အုပ်ချုပ်မှုကပေးသော နိုင်ငံရေးကပ်ဆိုးအမျိုး မျိုးကို ရင်ဆိုင်ရသူများ ဖြစ်သည်။

ဤကဲ့သို့သောအခြေအနေတွင် သဘာဝနှင့်နိုင်ငံရေး ပြဿနာများကို ခုခံတွန်းလှန်နိုင်သည့် အခရာကျသောနည်း စနစ်များကို ကရင်လို "ကော်" ဟုခေါ်သော ဘိုးဘွားပိုင်နယ်မြေ များတွင် တွေ့ရှိရပါသည်။ "ကော်" သည် ရပ်ရွာလူထု၏ယဉ်ကျေး မှု၊ အသက်မွေးဝမ်းကျောင်း၊ နှင့် လူမှုဘဝလုံခြုံရေးများအတွက် အဓိကကျပြီး အကျပ်အတည်းကာလအတွင်း လူထုအတွက် ခိုလှုံ ရာ၊ စားနပ်ရိက္ခာနှင့် သောက်သုံးရေများကိုပေးသော အရာ ဖြစ်သည်။ ထို့အပြင် ဌာနတိုင်းရင်းသားများ၏ အသိပညာ၊ ဒေသ တွင်း ဖွဲ့စည်းတည်ရှိမှုများနှင့် မျိုးဆက်အဆက်ဆက်က ကျင့် သုံးလာခဲ့သော ရပ်ရွာလူထု၏ လူမှုရေးနှင့်ရပ်ရွာစံနှုန်းများသည် ရပ်ရွာနှင့် ၎င်းတို့၏ "ကော်" အကြားရှိအပြန်အလှန်မှီခိုအကျိုးပြု သည့်ဆက်ဆံရေးကို ထိန်းသိန်းပေးပြီး ခက်ခဲသောကာလများ ကိုဖြတ်ကျော်စေနိုင်ခဲ့သည့်အပြင် ၎င်းတို့၏သစ်တောများနှင့် သယံဇာတများကို နောင်မျိုးဆက်သစ်များလက်ထက်တိုင် အောင် တည်တံ့စေသည်။ ရပ်ရွာလူထု၏ ခံနိုင်ရည်စွမ်းသည် ၎င်းတို့ထိန်းသိမ်းထားသော "ကော်" နှင့် ၎င်းတို့အကြားက အပြန် အလှန်မှီခိုအကျိုးပြုသည့်ဆက်ဆံရေးဖြစ်သော "**ကော်" ကိုကျွန်ုပ် တို့ကာကွယ်သည်၊ "ကော်" က ကျွန်ုပ်တို့ကို ပြန်ကာကွယ်ပေး သည်** ဟူသောအချက်အပေါ်တွင် အခြေခံသည်။

ရပ်ရွာလူထုများအကြား ရာသီဥတုပြောင်းလဲမှု၏ အ ကျိုးသက်ရောက်မှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင် ရန်အတွက် ရပ်ရွာလူထုနှင့် ၎င်းတို့၏မြေယာအကြားရှိ မှီခို ဆက်ဆံမှုကို ဦးစားပေးထိန်းသိမ်းရမည်ဖြစ်ပြီး အဆိုပါဆက် ဆံရေးအပေါ် ခြိမ်းခြောက်သော ပဋိပက္ခများ၊ နေရာရွှေ့ပြောင်း ခြင်းနှင့် မြေယာသိမ်းဆည်းခြင်းကဲ့သို့သော ဖိအားများကို ကိုင်တွယ်ဖြေရှင်းရမည် ဖြစ်သည်။

# သုတေသနမူဘောင်

ကမ္ဘာ့ရာသီဥတုစနစ်အား ထိန်းသိမ်းခြင်းသည် လူသားမျိုးနွယ်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ၏ ကောင်းကျိုးချမ်းသာနှင့် ရှင်သန်မှုအတွက် အရေးကြီးပါသည်။ ကော်သူးလေနယ်မြေ၊ တောအူးခရိုင်၊ သောသီတောအူး ဌာနေတိုင်းရင်းသားများဒေသချဉ်အတွင်းရှိ ဒေသခံလူထုအများစုသည် လယ်၊ ယာ၊ နှင့်တောင်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဒေသချဉ်ခြံမြေနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများရှာဖွေရယူခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။[၆] သောသီတောအူး ဌာနေတိုင်းရင်းသားများဒေသချဉ်ရှိ ကရင်လူမှုအသိုက်အဝန်းများ မျိုးဆက်ပေါင်းများစွာ ထိန်းသိမ်းကျင့်သုံးခဲ့သော ဤမိရိုးဖလာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် တည်ငြိမ်မျှတသောရာသီဥတုနှင့်မိုးလေဝသအခြေအနေများအပေါ် မှီခိုအားထားကြပါသည်။ ဥပမာအားဖြင့် ရွှေ့ပြောင်းတောင်ယာစနစ်တွင် သီးနှံအထွက်နှုန်းကောင်းရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် အချိန်မှန်မှန်မိုးရွာသွန်းမှုနှင့် ကောင်းမွန်သောရာသီဥတုအခြေအနေများက အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ကြသည်။

ဝမ်းနည်းစရာကောင်းသည်မှာ ကျွန်ုပ်တို့၏ အသက်ရှင်ရပ်တည်နိုင်မှုစနစ်များကို ပံ့ပိုးပေးသည့် ရာသီဥတုစနစ်သည် ပတ်ဝန်းကျင် ညစ်ညမ်းစေသောလုပ်ဆောင်မှုများကြောင့် ယိုယွင်းလာခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည် အတိုင်းအတာတစ်ခုအထိ ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကိုခံစားနေရသော်လည်း ဒေသခံနှင့် ဌာနေတိုင်းရင်းသား အသိုင်းအဝိုင်းများအပါအဝင် ဖယ်ကျဉ်ခံရသူအများစုသည် ထိုသက်ရောက်မှုများကို ပိုမိုပြင်းထန်စွာ ရင်ဆိုင်နေကြရသည်။ စော်တေးဒဲကော်အတွင်းရှိ ဌာနေကရင်တိုင်းရင်းသားလူထုများမှာမူ ပြင်းထန်သောရာသီဥတု၏ ဘေးအန္တရာယ်နှင့်ထိုးနှက်မှုများကို ရင်ဆိုင်ခဲ့ရသည်သာမက နှစ်ပေါင်းလေးဆယ်ကျော်ဖြစ်ပွားသောစစ်၊ လက်နက်ကိုင်ပဋိပက္ခ၊ နှင့် နေရပ်စွန့်ခွာရွှေ့ပြောင်းရခြင်းများကြောင့်လည်း စိတ်ဖိစီးမှုများနှင့် စိုးရိမ်ကြောက်လန့်မှုများကိုပါ ရင်ဆိုင်ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC) က **ခံနိုင်ရည်စွမ်း**ကို ယခုကဲ့သို့ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ *“ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် လူသား၊ အဖွဲ့အစည်းနှင့် နည်းစနစ်များပါဝင်သလို ရှိနေသောအရည်အချင်းများ၊ စံနှုန်းများ၊ ယုံကြည်သက်ဝင်မှုများ၊ အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို အသုံးချကာ ဆိုးရွားသောအခြေအနေများကို ကာလတိုမှကာလလတ်အတွင်း ကိုင်တွယ်ဖြေရှင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကျော်လွှားနိုင်ခြင်းတို့ပါဝင်သည်”*[၇] ဟု အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ စော်တေးဒဲကော်အတွင်းရှိ ဌာနေကရင်တိုင်းရင်းသားများအတွက်မူ ၎င်းတို့၏ခံနိုင်ရည်စွမ်းကို ၎င်းတို့၏ မြေယာနှင့်သစ်တောများ ထံမှရရှိကြပြီး ထိုခံနိုင်ရည်စွမ်းကို ၎င်းတို့၏ ဌာနေအသိပညာ၊ ရိုးရာနည်းလမ်းနှင့် လူမှုရေးဓလေ့များဖြင့် ထိန်းသိမ်းလာခဲ့သည်။ ပြောင်းလဲလာသော ရာသီဥတုဒဏ်နှင့် ဆက်လက်ဖြစ်ပွားသော စစ်မက်များကို ကြံ့ကြံ့ခံနိုင်ရန်အတွက် ၎င်းတို့၏ သစ်တောများကို မတရားထုတ်ယူခြင်းနှင့် လုယူခြင်းမရှိအောင် ကာကွယ်ကြပြီး ရေရှည်တည်တံ့စေရန်အတွက် ကြိုးစားလုပ်ဆောင်ကြသည်။ ဤသည်မှာ စော်တေးဒဲကော်အတွင်းရှိ ကရင်လူထုနှင့် သစ်တောတို့အကြားက **သစ်တောက လူထုကိုကာကွယ်ပေးသလို**

၆ *Ku in S’gaw Karen language refers to upland shifting cultivation or swidden agriculture, whereby communities clear an area of land for cultivation for a one-year period, and then move to the next location leaving the soil and forest time to regenerate.*

၇ *Ku in S’gaw Karen language refers to upland shifting cultivation or swidden agriculture, whereby communities clear an area of land for cultivation for a one-year period, and then move to the next location leaving the soil and forest time to regenerate.*


**လူထုကလည်း သစ်တောတွေကို အကာအကွယ်ပေးသည်** ဟူသော အပြန်အလှန်အကျိုးပြုသည့်ဆက်ဆံရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်။

ဌာနေတိုင်းရင်းသားတို့သည် ဘေးအန္တရာယ်များနှင့် ဖိနှိပ်မှုများကို ရင်ဆိုင်တွန်းလှန်နိုင်ရန်အတွက် သိပ္ပံနည်းပညာနှင့် ငွေကြေးအရင်းအမြစ်များ မရှိသော်လည်း (သို့မဟုတ်) မရရှိသော်လည်း ၎င်းတို့၏ မြေယာနှင့် သစ်တောများကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့သည်သာမက ဘိုးဘွားများ၏ သွန်သင်ဆုံးမလမ်းညွှန်မှုတို့ဖြင့် စော်တေးဒဲကော်အတွင်းရှိ လူထုအသိုင်းအဝိုင်းက စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ခဲ့သည်။ ဘိုးဘွားများအမွေပေးခဲ့သော ဒေသဆိုင်ရာဂေဟစနစ်အသိပညာများက ရပ်ရွာလူထုအား သဘာဝအရင်းအမြစ်များရေရှည်တည်တန့်အောင် စီမံခန့်ခွဲရန်၊ ၎င်းတို့၏ ရိုးရာယဉ်ကျေးမှု၊ အသိပညာ၊ နှင့် လူနေမှုဘဝပုံစံများ၊ စသည်တို့ကို ထိန်းသိမ်းကာကွယ်ရန်၊ နှင့် ထိုမှတစ်ဆင့် သဘာဝနှင့် သဟဇာတဖြစ်သော အပြန်အလှန်အကျိုးပြုဆက်နွယ်မှုများကို ထိန်းသိမ်းရန် သင်ကြားပေးသည်။ ထိုအသိပညာနှင့်လိုက်နာကျင့်သုံးမှုများဖြင့် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းရှိ ရပ်ရွာလူထုများသည် ၎င်းတို့၏ နယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲများပေါများသော တောတောင်ရေမြေများကို မျိုးဆက်မပြတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ဒေသခံလူထု ကြံ့ကြံ့ခံရပ်တည်နိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာစေရေး နှစ်ခုလုံးအတွက် အခြေခံအုတ်မြစ်ဖြစ်သော သဘာဝနှင့်အပြန်အလှန်အကျိုးပြုသည့် ဆက်နွယ်များရှိနေသော်လည်း ပြင်ပကလာသောဖိအားများက ဤအရာများအပေါ် အရှိန်ပြင်းပြင်း ခြိမ်းခြောက်နေသည်။ မြန်မာစစ်တပ် ဆက်လက်လုပ်ဆောင်နေသော စစ်ရေးလှုပ်ရှားမှုများနှင့် ထိုးစစ်ဆင်မှုများ၊ စီးပွားရေးစီမံကိန်းများအတွက် မြေယာသိမ်းယူမှုများ၊ မြေယာနှင့် ရပ်ရွာလူထုတို့အကြားက ဆက်နွယ်မှုကို ပျက်ပြားစေသည့် မြေယာဥပဒေများ၊ စသည်တို့က သစ်တောနှင့် ရပ်ရွာလူထုအပေါ် ဖိအားများဖြစ်စေပါသည်။ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် တိုးပွားလာသော စိတ်ဖိစီးမှုများနှင့် စိုးရိမ်ကြောက်လန့်မှုများကို ကျော်လွှားနိုင်ရန်အတွက် လူမှုအသိုင်းအဝိုင်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်ဖြစ်သလို စစ်ကြောင့်ဖြစ်ပေါ်သည့် အခက်အခဲ၊ မြေယာနှင့်သယံဇာတရောင်းဝယ်ရေးတို့ကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးပါသည်။



*သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ထဲရှိ စော်တေးဒဲကော်တွင်မြင်ရသည့် ဌာနေကရင်တိုင်းရင်းသားတို့၏ နေအိမ်များ*


ဌာနေကရင်လူထုများ၏ အခက်အခဲ ဖြေရှင်းရေးနည်းဗျူဟာများ
လူမှုအဖွဲ့အစည်းဓလေ့များ
လူမှုရေးနှင့်ရပ်ရွာစံနှုန်းများ၊ အပြန်အလှန်ပံ့ပိုးကူညီစောင့်ရှောက်ခြင်း၊ နှင့် ဘာသာရေးယုံကြည်မှုများ
သဘာဝအခြေခံအသက်မွေးဝမ်းကျောင်း အလေ့အထများ
မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း၊ ဌာနေမျိုးစေ့စုဆောင်းခြင်း၊ သီးနှံမျိုးစုံ စိုက်ပျိုးခြင်းနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း
ရေရှည်တည်တံ့သော သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု
မြေယာကို ဘက်စုံပေါင်းစပ် သုံးစွဲစီမံခြင်း (ဥပမာ - လူနေရိုယာများ၊ ရေဝေရေလဲဒေသ၊ ပရဆေးသစ်တော၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ သစ်တောမြေ၊ လူမှုရေးနှင့်ဘာသာရေးနယ်မြေများ၊ ယဉ်ကျေးမှုအထွတ်အမြတ် ထားရာနေရာများ၊ ငါးထိန်းသိမ်းရေး၊ အလှည့်ကျစိုက်ခင်းများနှင့် ဥယျာဉ်ခြံမြေများ)
ဌာနေအသိပညာနှင့် ဓလေ့ထုံးတမ်းများ
မိုးလေဝသခန့်မှန်းခြင်း၊ အစားအသောက်ပြင်ဆင်သိုလှောင်ခြင်း၊ ဇီဝယဉ်ကျေးမှုဆိုင်ရာ စည်းမျဉ်းများ၊ ရိုးရာလက်မှုပညာနှင့် ဝါးထောင်ချောက်များ
ကော်သည် လူ့အဖွဲ့အစည်းကို ကာကွယ်ထိန်းသိမ်းပေးသည်။
ခံနိုင်ရည်ရှိခြင်း
အပြန်အလှန် အကျိုးရှိစေခြင်း
လူမှုအဖွဲ့အစည်းသည် ကော် ကို ကာကွယ်ထိန်းသိမ်းပေးသည်။
ဖိအားများ
မုန်တိုင်းများ
ရေကြီးမှုများ
အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း
စစ်ရေးလှုပ်ရှားမှုများ
မြေယာ သိမ်းဆည်းခံရမှုများ
အဖျက်ပိုးမွှားများ ကျရောက်ခြင်း
မြေပြိုခြင်း

# ရည်ရွယ်ချက်နှင့်နည်းလမ်း

## အစီရင်ခံစာရည်ရွယ်ချက်

ဤသုတေသန၏ အဓိကရည်ရွယ်ချက်မှာ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများ၊ တုန်လှုပ်ချောက်ချားမှု များနှင့် စိတ်ဖိစီးမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် စော်တေး ဒဲကော်ရှိ ဌာနေကရင်လူထုအသိုက်အဝန်းတို့၏ ထိခိုက်မှုလျော့ ပါးသက်သာစေရေးနှင့်ကြံ့ကြံ့ခံနိုင်ရေး နည်းဗျူဟာအစီအမံ များကို နားလည်လာစေရန်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေးနှင့် လိုက်လျောညီထွေစွာနေထိုင်နိုင်ရေးအစီ အမံများနှင့်စပ်လျဉ်း၍ ဤသုတေသနမှ ရရှိသည့်တွေ့ရှိချက် များကို သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏ အုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများ၊ မူဝါဒများနှင့် စီမံခန့်ခွဲမှု မဟာ ဗျူဟာအခင်းအကျင်းများတွင် ခေတ်အခြေအနေနှင့်အညီ ထည့် သွင်းပေါင်းစပ်သွားမည်ဖြစ်သည်။

## ဤသုတေသန၏ အထူးရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ရှိ စော်တေးဒဲကော်အတွင်း ရာသီဥတုဖောက်ပြန်မှု၊ အခြားသော စိန်ခေါ်မှုများနှင့် ခြိမ်းခြောက်မှုများက ဌာနေကရင်တိုင်းရင်းသားလူထုတို့၏ သဘာဝပတ်ဝန်းကျင်၊ အသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှုတို့အပေါ် မည်မျှအထိ အကျိုးသက်ရောက်မှုရှိသည်ကို လေ့လာဆန်းစစ်ရန်၊

(ခ) ထိုခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများကို ဌာနေကရင်အသိုင်းအဝိုင်းများက မည်သို့စီမံခန့်ခွဲကြပြီး တုံ့ပြန်သည်ကို

မြန်မာနိုင်ငံမြေပုံ



မှတ်တမ်းတင်ရန်နှင့် ရင်ဆိုင်ကျော်လွှားရန်အတွက် ၎င်းတို့ အသုံးပြုသည့် အခက်အခဲဖြေရှင်းရေးနည်းဗျူဟာများကို မှတ်တမ်းတင်ရန် ဖြစ်သည်။

## သုတေသနနည်းလမ်း

ဤသုတေသနကို အောက်ပါ အခြေခံမှုများအပေါ် အခြေခံ၍ အများပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများဖြင့် ပြုလုပ်ခဲ့ပါသည်။

(က) ဒေသခံလူထု၏ လိုအပ်ချက်၊ ပြဿနာများနှင့် စိုးရိမ်ပူပန်မှုများအပေါ်အခြေခံသော ရပ်ရွာအခြေပြုသုတေသနဖြစ်ခြင်း၊

(ခ) ကျေးရွာလူထုကို ဗဟုသုတကြွယ်ဝသူများအဖြစ် အသိအမှတ်ပြုပြီး သုတေသနလုပ်ငန်းစဉ်တစ်ခုလုံးတွင် ၎င်းတို့အား ပူးပေါင်းပါဝင်စေခြင်း၊

(ဂ) ဒေသခံလူထု၏ စွမ်းဆောင်ရည်ကို စဉ်ဆက်မပြတ်ဦးတည်မြှင့်တင်စေသည့်လုပ်ဆောင်ချက်များဖြင့် ပြုလုပ်သော လှုပ်ရှားမှုအခြေပြုသုတေသနဖြစ်ခြင်း၊

သုတေသနလုပ်ငန်းစဉ်များကို ဦးဆောင်ရန်နှင့် ရပ်ရွာ၏လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများနှင့် စိန်ခေါ်မှုများကို နောက်ပိုင်း၌ ဖြေရှင်းရာတွင် ဆုံးဖြတ်ချက်များကို လွယ်ကူချောမွေ့စွာချနိုင်ရန်၊ တစ်ချိန်တည်းတွင် ဌာနေတိုင်းရင်းသားလူငယ်များ၏အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုသည့် အနေဖြင့် သုတေသနကို တောအူးခရိုင်ထဲရှိ သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်မှ လူငယ် ၃ ဦးနှင့် မူတြော်ခရိုင်ထဲရှိ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်မှလူငယ် ၁ ဦး၊ စုစုပေါင်း ဌာနေလူငယ်တိုင်းရင်းသူတိုင်းရင်းသား ၄ ဦး (မ ၂ ဦး၊ ကျား ၂ဦး) တို့၏ ပါဝင်ဦးဆောင်မှုဖြင့် ပြုလုပ်ခဲ့သည်။ သုတေသနလုပ်ငန်းများကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရန် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏ အုပ်ချုပ်ရေးကော်မတီ၊ တောအူးခရိုင် KNU ခေါင်းဆောင်များ၊ စသည်တို့နှင့်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ၎င်းတို့၏ လမ်းညွှန်မှု၊ ဗဟုသုတ၊ နှင့် ခွင့်ပြုချက်တို့ကို ရယူခဲ့သည်။

သတင်းအချက်အလက်ကောက်ယူသူ ၄ ဦးအတွက် အချက်အလက်စုဆောင်းခြင်းနည်းလမ်းများနှင့်ပတ်သက်ပြီး အများပူးပေါင်းပါဝင်သည့် ရပ်ရွာအခြေပြုသုတေသနသင်တန်းတစ်ခု ပြုလုပ်ခဲ့ပါသည်။ ဤသုတေသနကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၈ ရက်နေ့အထိ၊ ကော်သူးလေနယ်မြေ၊ တောအူးခရိုင်၊ ထေဝတထူမြို့နယ်၊ မော်နေဘွာနယ်မြေထဲက စော်တေးဒဲကော် အတွင်းရှိ ကျေးရွာများဖြစ်သော ခလယ်ခေါ်ထီ၊ ဝါမီပယ်ခို၊ နှင့် စဝါဒေါခို စသောကျေးရွာများတွင် ပြုလုပ်ခဲ့ပါသည်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်စွာကြိုတင် အသိပေးသဘောထားရယူချက် (FPIC) ဆိုင်ရာ နိုင်ငံတကာမူကို လိုက်နာသည့်အနေဖြင့် သုတေသနလုပ်ငန်းများနှင့်အချက်အလက်စုဆောင်းခြင်းတို့ကို စတင်မပြုလုပ်ခင် သက်ကြီးဌာနေလူကြီးများအပါအဝင် ရပ်ရွာလူထုတို့နှင့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ သုတေသနကာလအတွင်း အသက်အရွယ် ၆၀ နှင့် ၉၀ အကြားရှိ ရှေ့မီနောက်မီ ဌာနေသက်ကြီးရွယ်အို ၆ ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း (မ ၃ ဦး၊ ကျား ၃ ဦး)၊ လေလှိုင်းမှတစ်ဆင့် သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်၏ ကော်မတီဝင် ၂ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ အုပ်စုလိုက်ဆွေးနွေးမှု ၄ ခု၊ နှင့် စာရင်းကောက်သူများကိုယ်တိုင်မှ ဒေသအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုစနစ်တို့အား ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာခြင်း၊ စသည်တို့ကို ပြုလုပ်ခဲ့ပါသည်။

# စောတေးဒဲကော် ဌာနေတိုင်းရင်းသားဘိုးဘွားပိုင်နယ်မြေ၏ နောက်ခံသမိုင်း

*“မြန်မာဘုရင်နဲ့ အင်္ဂလိပ်အစိုးရတို့ နယ်ချဲ့မကျူးကျော်ခင်ကတည်းကဖြစ်စေ၊ ကမ္ဘာတစ်ဝှမ်းက အသိအမှတ်ပြုနေတဲ့ နိုင်ငံရေးပါတီ၊ အစိုးရ၊ နဲ့အုပ်ချုပ်မှုစနစ်တွေ မပေါ်လာခင်ကတည်းကဖြစ်စေ၊ ဒီနေရာမှာရှိနှင့်ထားတဲ့ ကျွန်ုပ်တို့ ဌာနေကရင်လူမျိုးများဟာ ကျွန်ုပ်တို့ရဲ့ ဘိုးဘွားနယ်မြေနဲ့ ရပ်ရွာတွေကို ကျွန်ုပ်တို့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်မှုစနစ်တွေနဲ့ မျိုးဆက်ပေါင်းများစွာ ကိုယ်တိုင်စီမံအုပ်ချုပ်ခဲ့ကြတယ်”*

*စောအယ်ဝါး၊ သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ် ကော်မတီဥက္ကဌ*


ဌာနေကရင်လူမျိုးတို့၏ ကော်နှင့် စီမံခန့်ခွဲမှုများသည် ၎င်းတို့၏ လူမှုရေး၊ ယဉ်ကျေးမှု၊ ဂေဟစနစ်နှင့် ဝိညာဉ်ရေးဆိုင်ရာ ယုံကြည်မှုများနှင့် ဆက်စပ်လျက်ရှိသည်။ ကော်အတွင်းရှိ သစ်တောနှင့်မြေဆီလွှာတို့၏ ကာဗွန်စုပ်ယူမှုကြောင့် ကော်သည် ရာသီဥတုပြောင်းလဲမှုလျော့ပါးစေရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်နေသည်။ ၎င်းသည် ဌာနေကရင် လူမျိုးများအတွက် ယဉ်ကျေးမှုနှင့် အစားအစာအချုပ်အခြာ (food sovereignty) တို့၏ အရင်းအမြစ်လည်း ဖြစ်သည်။[၆]

စော်တေးဒဲကော်ရှိဌာနေလူကြီးများ၏အဆိုအရ စော်မူနှင့်စော်တေးဟုခေါ်သည့် ညီအစ်ကိုနှစ်ဦးသည် ဤနယ်မြေတွင်စတင်အခြေချနေထိုင်ခဲ့ကြသူများဖြစ်သည်။ စော်မူက အကြီးဖြစ်ပြီး စော်တေးက အငယ်ဖြစ်ပါသည်။ နောက်ပိုင်းတွင် အိမ်ထောင်ကိုယ်စီကျပြီး ကိုယ်ပိုင်မိသားစုတွေရှိလာကြပြီးနောက် ညီအစ်ကိုနှစ်ဦးသည် သူတို့ကိုယ်ပိုင်ရွာကို ထူထောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ စော်မူတည်ထောင်သည့်ရွာကို စော်မူဒဲရွာဟုအမည်ပေးပြီး ညီဖြစ်သူတည်ထောင်သောရွာကို စော်တေးဒဲဟု အမည်ပေးခဲ့သည်။ အစဉ်အလာအားဖြင့် ‘ဒဲ’ ဖြင့်အဆုံးသတ်သည့် မည်သည့်ကရင်ရွာကိုမဆို မူလဌာနေရွာနှင့် ထိုဒေသတွင် ပထမဆုံး တည်ခဲ့သည့်ရွာဟု သိထားကြသည်။

ရွာတည်ထောင်သည့် နှစ်အတိအကျကို မသိရှိရသော်လည်း စော်တေးဒဲကော်သည် နှစ်ပေါင်း ၅၀၀ ဝန်းကျင်ရှိပြီဟု ရပ်ရွာလူကြီးများက ခန့်မှန်းကြသည်။ ၎င်းတို့၏ ပြောဆိုချက်ကို သက်သေပြရန် တစ်ခုတည်းသော သက်သေအထောက်အထားမှာ စော်တေးဒဲကော်ထဲရှိ ရွာသုံးရွာအနက် ခလယ်ခေါ်ထီကျေးရွာရှိ ညောင်ပင်ကြီးဖြစ်သည်။ အဆိုပါ ညောင်ပင်ကြီးကို ကျေးရွာစတင်တည်ထောင်စဉ်အချိန်တွင် စော်တေးက စိုက်ပျိုးခဲ့သည်။ ဘိုးဘွားများ၏အဆိုအရ ဤညောင်ပင်၏ အကိုင်းအခက်များသည် အရှေ့ဘက်အရပ်သို့ ယိမ်းနေလျှင် ထိုအရပ်တွင်ရှိသည့်ကျေးရွာများအနေဖြင့် အခက်အခဲနှင့် ဒုက္ခမျိုးစုံကို ကြုံတွေ့ရတတ်သည်ဟု ဆိုကြသည်။

၆ *KESAN, 2017, The Kaw in Times of Change. Accessed at: http://kesan.asia/wp-content/uploads/2020/07/The-Kaw-in-times-of-change.pdf*

# စော်တေးဒဲကော် (ကော်ထီးမူးရှီး) မြေပုံ



သောသီတောအူးဌာနေတိုင်းရင်း
သားများဥယျာဉ်
ဒိုဖါးခိုမြို့နယ်
ပဲခူးတိုင်း
ကရင်နီပြည်နယ်
ထောတထူ
မြို့နယ်
မူတြော်
ခရိုင်
ခလယ်လွီထူခရိုင်
ရည်ညွှန်းချက်
ရွာ
သင်္ချိုင်းနယ်မြေ
တောင်ယာ
ကွမ်းသီးခြံ
သစ်တော
လမ်း
ချောင်း
ပင်မချောင်း
စော်တေးဒဲကော်
ယော်မူပယ်ကော်
ခိုဘွယ်ဒဲကော်
ယော်လိုချောင်း
စီဒေါခို
စဝါဒေါခိုရွာ
သင်္ချိုင်းနယ်မြေ
ဝါမီပယ်ခိုရွာ
ခလယ်ခေါ်ထီရွာ
သင်္ချိုင်းနယ်မြေ (၁)
N
0
0.75
1.5
3
Kilometers



စော်တေးစိုက်ခဲ့သည့် ညောင်ပင်ကို မြင်ရစဉ်

စော်တေးဒဲကော်သည် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ မော်နေဘွာနယ်မြေတွင် တည်ရှိပြီး သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏ နယ်မြေအစိတ်အပိုင်းတစ်ခုဖြစ်သည်။ မတူကွဲပြားသော ကရင်မျိုးနွယ်စုများစွာနေထိုင်နေသည့် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ထဲရှိ စော်တေးဒဲကော်၌ စကောကရင် (ဒေသအခေါ်အရ ပကူးကရင်) များနေထိုင်ကြသည်။ ဤကော်ထဲတွင် ခလယ်ခေါ်ထီ၊ ဝါမီပယ်ခိုနှင့် စဝါဒေါ်ခို၊ စသောရွာသုံးရွာတည်ရှိပြီး အဆိုပါရွာများကို လေးဘောလို၊ ထီးနီးလို၊ တော်နာလို၊ ထီးဖါထော၊ ဒေခီး၊ ထိုကလူပေါ်ခီး၊ နှင့် လေးဂေါ်၊ စသော အရေးပါသည့် မြစ်ချောင်းများက ဝန်းရံထားသည်။ ၎င်းသည် စုစုပေါင်းဧရိယာ ၇,၅၆၇ ဧက ကျယ်ဝန်းသည်။[၇] စော်တေးဒဲကော်၏ အရှေ့ဘက်တွင် စီခဲဒဲနှင့် ပလိုမူဒဲကျေးရွာ၊ အနောက်ဘက်တွင် ခိုပွယ်ဒဲကော်၊ မြောက်ဘက်တွင်စော်မူဒဲကော် (ကော်နေသား) နှင့်တောင်ဘက်တွင် ယော်မူပယ်နှင့်ကော်ယူကော်စွယ်တို့ တည်ရှိကြသည်။။

ခရစ်ယာန်သာသနာပြုများ ပထမဆုံးရောက်ရှိလာခဲ့သည့် ၁၉၈၀ ခုနှစ်မတိုင်ခင်အချိန်တွင် ဒေသခံလူထုများသည် **တာအော်ခယ်အော်ဘွ**ဟုခေါ်သော မိရိုးဖလာနတ်ကိုးကွယ်မှုကို ယုံကြည်သူများဖြစ်ခဲ့ကြပြီး မိရိုးဖလာဘာသာရေးခေါင်းဆောင်များဖြစ်သော **ထီးဖိုးကော်ကစာ**တို့သည် ထိုစဉ်တုန်းက ကော်နယ်မြေစီမံခန့်ခွဲရေးတွင် အဓိကအရေးပါသောအုပ်ချုပ်ရေးခေါင်းဆောင်များဖြစ်ခဲ့သည်။ ကော်အုပ်ချုပ်ရေးစနစ်သည် ကရင်တို့၏ ယဉ်ကျေးမှုအလေ့အထများ၊ ဝိညာဉ်ရေးရာတန်ဖိုးထားမှု၊ ယုံကြည်မှုစနစ်နှင့် ၎င်းတို့၏ ယခင်လူမှုရေးနှင့်နိုင်ငံရေးဖွဲ့စည်းတည်ဆောက်မှုစနစ်၊ စသည်တို့မှ အမြစ်တွယ်ပေါက်ဖွားလာသောအရာဖြစ်သည်။ ခရစ်ယာန်သာသနာပြုများ ဒုတိယအကြိမ် ရောက်ရှိလာပြီးနောက်ပိုင်းတွင် လူထုအသိုင်းအဝိုင်းတစ်ခုလုံးနီးပါး ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားကြသည်။ ၁၈၈၇ ခုနှစ်တွင် စော်တေးဒဲဘုရားကျောင်းသည် ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်အောက်တွင်ရှိနေသော တောအူး (တောင်ငူ) ပကူးကရင်နှစ်ခြင်းအသင်းတော်များအဖွဲ့၏ အသင်းဝင် ဖြစ်လာခဲ့သည်။

လူကြီးများ၏အဆိုအရ ကော်အမျိုးအစား အမျိုးမျိုးရှိပြီးစော်တေးဒဲကော်ကို ရိုးရာအရ ကော်အထီးဟု သတ်မှတ်ထားသည်။ "ကော်" အမမျိုးမှာမူ စိန်ခေါ်မှုများနှင့် အခက်အခဲများကိုကြုံတွေ့ရသောအခါ ထိလွယ်ရှလွယ်ပြီး ခံနိုင်ရည်နည်းကာ ရလာဒ်အနေဖြင့် ကော်တစ်ခုလုံး ပျက်စီးသွားနိုင်ပြီး စော်တေးဒဲ

*"ကော်"သည် ကရင်ဘာသာတွင် နယ်မြေ (သို့မဟုတ်) နိုင်ငံကို ရည်ညွှန်းသည်။ ဤတွင် နယ်မြေတစ်ခုတည်းကို ရည်ညွှန်းခြင်းမဟုတ်ပါ။ ထိုနယ်မြေထဲရှိ သစ်တော၊ ရေနှင့် အထွက်အမြတ်ထားရာနေရာဒေသများ၊ နှင့် ၎င်းတို့ကို စီမံခန့်ခွဲရာတွင် ကျင့်သုံးသည့် ဌာနေအသိပညာများနှင့် ယန္တရားများ ပါဝင်သည်။ ကော်စနစ်အရ လူမှုအသိုင်းအဝိုင်းသည် ၎င်းတို့၏ကော်အထဲရှိတောတောင်ရေမြေသခင်များနှင့် ၎င်းတို့အကြားက ဆက်ဆံရေးကို ကောင်းမွန်အောင် ထိန်းသိမ်းရသည်။ ကော်ကလည်း ၎င်းတို့ကို ပြန်လည်စောင့်ရှောက်ပေးသည်။ ဤသို့ဖြင့် ကော်သည် ဌာနေကရင်လူမျိုးများအတွက်နယ်မြေတစ်ခုဖြစ်သလို အုပ်ချုပ်ရေးစနစ်နှင့် ဂေဟစနစ်စီမံခန့်ခွဲခြင်းစနစ်တစ်ခုလည်း ဖြစ်သည်။*

၇ *Eckstein, D., Künzel, V. and Schäfer, L., 2021. Global climate risk index 2021. Who Suffers Most from Extreme Weather Events, pp.2000-2019. Accessed at: https://www.developmentaid.org/api/frontend/cms/file/2021/03/Global-Climate-Risk-Index-2021_1.pdf*



စော်တေးဒဲဘုရားကျောင်း

ကော်ကဲ့သို့သော "ကော်"အထီးများသည် မည်သည့်အခက်အခဲကိုမဆို ပိုရှ်ခံနိုင်ရည်ရှိကာ ဘေးအန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး အလွယ်တကူ ပြန်လည်ထူထောင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ကြသည်။ လက်ရှိ စော်တေးဒဲကော်အတွင်းတွင် အိမ်ထောင်စု ၉၀၊ လူဦးရေအားဖြင့် စုစုပေါင်း ၅၄၁ ဦး (မ ၂၅၄ ဦး၊ ကျား ၂၈၇ ဦး) နေထိုင်ကြသည်။

*"ကျွန်တော်တို့ ကော်မှာ ချမ်းသာတာ ဆင်းရဲတာ မရှိဘူး။ အားလုံးဟာ တန်းတူညီတူဖြစ်ပြီး ရေရှည်တည်တံ့တဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကိုလုပ်တယ်။ ငတ်မွတ်ခေါင်းပါးမှုတွေကို တစ်ခါမှ မကြုံရဘူး" စောဆဲ၊ သက်ကြီးဌာနေလူကြီး၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စော်တေးဒဲကော် (ကော်ထီးမူးရှီး)*

# ရာသီဥတုဖောက်ပြန်မှုနှင့် မြန်မာစစ်တပ်၏စစ်ဆင်ရေးများကြောင့် သက်ရောက်မှုများ

*“ကျွန်ုပ်တို့ရဲ့ သေသသီတောအုူးဌာနေတိုင်းရင်းသားများ ဥယျာဉ်မှာ ပြင်းထန်တဲ့အပူလှိုင်းတွေ၊ ရှည်ကြာတဲ့ ခြောက်သွေ့ ရာသီတွေ၊ နဲ့ တိုတောင်းတဲ့ အအေးရာသီများကို ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။ ဒီလို ပြင်းထန်တဲ့ အပူလှိုင်းများနဲ့ ကြို တင်ခန့်မှန်းလို့မရတဲ့ မိုးရွာသွန်းမှုပုံစံတွေကြောင့် ချောင်းငယ် တွေဟာခန်းခြောက်လာတယ်။ အချို့ မြစ်တွေမှာဆိုရင် ရေတ ဖြည်းဖြည်းလျော့နည်းလာတယ်။ အဲ့ဒါက စိုက်ပျိုးရေးနဲ့မွေးမြူ ရေးတွေလို အသက်မွေးဝမ်းကျောင်းပြုတဲ့ကျွန်တော်တို့အ တွက် ဆိုးရွားတဲ့ ခြိမ်းခြောက်မှုတစ်ခုဖြစ်တယ်။ အပင်တွေရဲ့ အမြစ်တွေကလည်း ခြောက်သွေ့လာပြီး ညှိုးနွမ်းလာတယ်။ ပင်စည်တွေကလည်း ကျိုးလွယ်ပြီးတော့ အင်းဆက်ပိုးမွှား အန္တရာယ်ကို ခုခံနိုင်စွမ်းမရှိတော့ဘူး။”*

မြန်မာစစ်အာဏာရှင် ဦးနေဝင်းလက်ထက်၊ ၁၉၇၄ ခုနှစ်တွင် ကရင့်တော်လှန်ရေးကိုချေမှုန်းရန် နာမည်ဆိုးဖြင့် ကျော်ကြားသော ဖြတ်လေးဖြတ်စစ်ဆင်ရေးကို စတင်မဆောင် ရွက်ခင်က စော်တေးဒဲကော်အတွင်းရှိ ဘိုးဘွားပိုင်နယ်မြေဒေသ များသည် ကောင်းမွန်သောဂေဟစနစ်ကထုတ်ပေးသည့် သစ် တောများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ နှင့် ရေအရင်းအမြစ်များဖြင့် ကြွယ်ဝခဲ့ပါသည်။ မိုးလေဝသအခြေအနေများကို ကြိုတင်ခန့် မှန်းနိုင်ခဲ့ပြီး ဟန်ချက်ညီစွာ ရှိခဲ့ပါသည်။ ထိုအချိန်က ဒေသခံလူထု တို့၏နေ့စဉ်ဘဝသည် အေးချမ်းသာယာစွာရှိခဲ့ပါသည်။ သို့သော် လည်း ဖြတ်လေးဖြတ်စစ်ဆင်ရေးစပြီးနောက် စောတေးဒဲကော် ၏ဌာနေတိုင်းရင်းသားအသိုက်အဝန်းများသည် မြန်မာစစ်တပ်၏ စစ်ဖက်ဆိုင်ရာတိုးချဲ့မှုနှင့် ကြီးမားပြင်းထန်သောစစ်ဆင်ရေး များနှင့်အတူ၊ နေအိမ်များနှင့်စပါးကျီများ မီးရှို့ဖျက်ဆီးခံရခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်မှုအမျိုးမျိုး၊ နှင့် အတင်းအဓမ္မရွှေ့ ပြောင်းခံရခြင်း၊ စသည်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ မြန်မာ စစ်တပ်၏ထိုးစစ်များကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် အချိန်တွင် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရောဂါဘယများကို ကြုံ တွေ့ခံစားခဲ့ရပြန်သည်။

ဌာနေတိုင်းရင်းသားများ၏ ပြန်လည်ပြောပြချက်အရ ဖြတ်လေးဖြတ်စစ်ဆင်ရေးသည် ကရင့်တော်လှန်ရေးကို နှိမ်နင်း ရန်သာမဟုတ်ဘဲ ကရင်တိုင်းရင်းသားများ၏ဘိုးဘွားပိုင်နယ်မြေ များအပေါ် ထိန်းချုပ်မှုရယူခြင်းမှတစ်ဆင့် သဘာဝအရင်းအမြစ် များကို လုယူနိုင်ရန်နှင့် ၎င်းတို့၏ စစ်အင်အားကို ထာဝရ တိုးချဲ့ချ ထားနိုင်ရန်လည်း ရည်ရွယ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရက်စက် ကြမ်းကြုတ်သော စစ်အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်း လေးဆယ်ကျော်ကြာ စစ်မက်နှင့်ချိုးဖေါက်ခံရမှုများကြောင့် စော်တေးဒဲကော်အတွင်းရှိ ကရင်လူထုအသိုင်းအဝိုင်းများသည် စိတ်ဒဏ်ရာများကို ဆက်လက်ခံစားနေရဆဲ ဖြစ်သည်။

*“အချိန်အတော်ကြာ အိုးမဲ့အိမ်မဲ့အဖြစ်နေရတဲ့ကာ လမှာ ကြုံတွေ့ရတဲ့ အကြီးမားဆုံးပြဿနာက ကျွန်တော်တို့ ရဲ့ ရှင်သန်မှုအတွက် အဓိကအစားအစာဖြစ်တဲ့ဆန် ပြတ်လပ် မှုပဲဖြစ်တယ်”*



သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်တွင် မြင်ရသည့် စော်တေးဒဲကော်၏ရှုခင်း

မိမိတို့၏ ရှင်သန်မှု၊ လုံခြုံမှုနှင့် ဘေးကင်းရေးတို့အတွက် ရုန်းကန်နေခဲ့ရသောကြောင့် မြေယာ၊ ရေ၊ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများကို တည်တံ့စေရန်နှင့် စီမံထိန်းသိမ်းကာကွယ်ရန်အတွက် ၎င်းတို့၏ ရိုးရာဓလေ့တာဝန်ဝတ္တရားများကို မဖြည့်ဆည်းနိုင်ခဲ့ပါ။ စစ်ရေးတိုးချဲ့ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများသည် သဘာဝပတ်ဝန်းကျင်ကို ယိုယွင်းပျက်စီးစေသည့် အဓိကသော့ချက်ဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားလူထုများမှ ကောက်ချက်ချခဲ့သည်။ စော်တေးဒဲကော်အတွင်းရှိ ဒေသခံကရင်လူထုအသိုင်းအဝိုင်းများရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် သဘာဝကပ်ဘေးအချို့မှာ ကြွက်နှင့်အဖျက်ပိုးမွှားများ ကျရောက်ခြင်း၊ မုန်တိုင်းများ၊ မြေပြိုခြင်းနှင့် ရေကြီးခြင်းများ ပါဝင်သည်။ လူကြီးများက အဆိုပါသဘာဝဘေးအန္တရာယ်များသည် လွန်ခဲ့သောနှစ်ပေါင်းခြောက်ဆယ်အချိန်က ဖြစ်ပွားခဲ့သော်လည်း ထိုစဥ်က သက်ရောက်မှုများမှာ အလွန်ပြင်းထန်ခြင်းမရှိခဲ့ပေဟု ဆိုသည်။

အောက်ပါ အချက်အလက်ပြမြေပုံတွင် ဌာနေအသိုင်းအဝန်းများ ရင်ဆိုင်ခဲ့ရသော သဘာဝဘေးအန္တရာယ်များ၊ စစ်ရေးလှုပ်ရှားမှုများနှင့် ထိုပြဿနာများကို ကြံ့ကြံ့ခံနေထိုင်လာခဲ့သည့် နည်းစနစ်များကို ပြသထားသည်။



**၁၉၆၀**

<u>ဘေးအန္တရာယ်</u>

မြန်မာစစ်တပ်၏ထိုးစစ်ဆင်မှုများနှင့်နေအိမ်များမီးရှို့ခံရခြင်း

<u>မဟာဗျူဟာ</u>

သစ်တောနှင့် ဂူများအတွင်းပုန်းခိုနေထိုင်ရခြင်း၊ယာယီနေထိုင်စရာ ပြုလုပ်ခြင်း၊ လျှို့ဝှက်စွာ ရိက္ခာ စုဆောင်းခြင်း

**၁၉၆၂**

<u>ဘေးအန္တရာယ်</u>

ကြွက်များ သောင်းကျန်းခြင်း

<u>မဟာဗျူဟာ</u>

ကြွက်ထောင်ဖမ်းခြင်း၊ အစာရှောင်ဆုတောင်းခြင်း၊အစားအစာဝေမျှကူညီခြင်းနှင့်ဆန်စပါးဝယ်ရန်ကောက်ပဲသီးနှံ ရောင်းချခြင်း

**၁၉၆၃**

<u>ဘေးအန္တရာယ်</u>

စစ်တပ်၏ ထိုးစစ်ဆင်မှုများနှင့် နေအိမ်များ မီးရှို့ခံရခြင်း

<u>မဟာဗျူဟာ</u>

သစ်တောနှင့် ဂူများအတွင်း ပုန်းခိုနေထိုင်ရခြင်း၊ ယာယီနေထိုင်စရာ ပြုလုပ်ခြင်း၊ လျှို့ဝှက်စွာ ရိက္ခာ စုဆောင်းခြင်း

**၁၉၇၅**

<u>ဘေးအန္တရာယ်</u>

စစ်အစိုးရ၏ ဖြတ် ၄ ဖြတ် စစ်ဆင်ရေး

<u>မဟာဗျူဟာ</u>

သစ်တောနှင့် ဂူများ အတွင်းပုန်းခိုနေထိုင်ရခြင်း၊ယာယီနေထိုင် စရာ ပြုလုပ်ခြင်း၊ လျှို့ဝှက်စွာ ရိက္ခာ စုဆောင်းခြင်း

**၁၉၈၀**

<u>ဘေးအန္တရာယ်</u>

သီးနှံဖျက်ပိုး (ခူကောင်) ၏ ဖျက်ဆီးမှုနှင့် ကြုံရခြင်း

<u>မဟာဗျူဟာ</u>

ပိုးကျသောအကွက်ကို စက်ဝိုင်းပုံသဏ္ဍာန် ဘောင်ခတ်ရှင်းလင်း၍ "ခူကောင်တွေနည်းနည်းစား၊ လယ်ဖပိုင်ရှင်အတွက်လည်း နည်းနည်းချန်ထား"ဟု ဆုတောင်းခြင်း

**၁၉၈၅**

ဘားအန္တရာယ်

မုန်တိုင်းကျခြင်း

မဟာဗျူဟာ

မုန်တိုင်း၏ သက်ရောက်မှုများကို လျှော့ချရန်အတွက် စပါးနှင့် ငါးပိများကို ပက်ကြဲခြင်း

**၁၉၉၉**

ဘားအန္တရာယ်

ရေကြီးခြင်း

မဟာဗျူဟာ

မြစ်ကမ်းပါး တစ်လျှောက် အပင်များနှင့် ဟင်းသီးဟင်းရွက်များကို ပြန်လည်စိုက်ပျိုးခြင်း

**၂၀၀၆**

ဘားအန္တရာယ်

စစ်တပ်၏ ထိုးစစ်ဆင်မှုများနှင့် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခြင်း

မဟာဗျူဟာ

ဒုက္ခသည်စခန်းများသို့ အချို့ တိမ်းရှောင်ပြီး အချို့မှာ ဂူများ နှင့် တောတောင်များအတွင်း ပုန်းခိုနေထိုင်ခြင်း

**၂၀၂၂**

ဘားအန္တရာယ်

မုန်တိုင်းကျခြင်း

မဟာဗျူဟာ

မုန်တိုင်း၏ သက်ရောက်မှုများကို လျှော့ချရန် အတွက် ဆန်များ၊ သီးနှံများနှင့် ငါးပိများကို ပက်ကြဲ ထားခြင်း

# စော်တေးဒဲကော်ရှိ ဌာနေတိုင်းရင်းသားလူထုတို့၏ ခံနိုင်ရည်စွမ်း -
## သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဥ်အတွင်း ရာသီဥတုဖောက်ပြန်မှုနှင့် စစ်ဆင်ရေးများအား အလိုက်သင့်တွန်းလှန်နေထိုင်ခြင်း

## ဌာနေဗဟုသုတနှင့် အသိပညာ

"ကျွန်ုပ်တို့၏ ဘိုးဘွားများက သဘာဝဂေဟစနစ်များနှင့် ငြိမ်းချမ်းပြီးသဟဇာတရှိသောဆက်ဆံရေးရှိရန် ကျွန်ုပ်တို့အား သွန်သင်လမ်းညွှန်ခဲ့ကြသည်။ အကြောင်းမှာ ဤအရာများ၏ ရေရှည်တည်တံ့မှုနှင့် ပုံမှန်လည်ပတ်နေသော သဘာဝသံသရာစက်ဝန်းများကြောင့်သာ ကျွန်ုပ်တို့ ရှင်သန်နေထိုင်နိုင်ခြင်းဖြစ်သည်။ စောတေးဒဲကော်ရှိ ဌာနေကရင်အသိုက်အဝန်းများသည် အပြန်အလှန်မှီခိုအကျိုးပြုမှုသံသရာကို ယုံကြည်ကြသည်။ ထို့ကြောင့်သစ်တောများက ရပ်ရွာလူထုကိုစောင့်ရှောက်ပေးသကဲ့သို့ သစ်တောများကို လူထုက ပြန်လည်စောင့်ရှောက်ကြသည်။"

သို့ရာတွင် လူသားတို့၏လောင်စာသုံးစွဲမှု၊ ရေရှည်တည်တံ့မှုမရှိသော လူနေမှုပုံစံများနှင့် ဖွံ့ဖြိုးတိုးတက်မှုအမည်ခံ ကာဗွန်စီးပွားရေးလုပ်ငန်းများကြောင့် ရလဒ်အနေဖြင့် ကျွန်ုပ်တို့ကမ္ဘာမြေ၏ သဘာဝအရင်းအမြစ်များသည် လျင်မြန်စွာ ထုတ်ယူအမြတ်ထုတ်လုယူခြင်း ခံခဲ့ရသည်။ များပြားလှသော ရေနံနှင့်သဘာဝဓာတ်ငွေ့များသည် သယ်ယူပို့ဆောင်ရေးနှင့်စက်မှုလုပ်ငန်းများအတွက် အဆမတန်ထုတ်ယူခြင်းခံရသည်။ စက်မှုလယ်ယာစိုက်ပျိုးရေးအတွက် သစ်တောများကို အဆမတန်ရှင်းလင်းခြင်း၊ စီးပွားဖြစ်သစ်ထုတ်ခြင်းနှင့် မြို့ပြတိုးချဲ့ခြင်းများသည် စိုးရိမ်ဖွယ်ရာ တိုးများလာနေပါသည်။

ထို့ကြောင့် ယခုရာစုနှစ်မကုန်မီ ကမ္ဘာမြေကြီး၏ အပူချိန်သည် ၂.၄ မှ ၂.၆ ဒီဂရီစင်တီဂရိတ်ကြား မြင့်တက်လာခဲ့သည်။[၈] ဤကဲ့သို့ ရာသီဥတုပျက်စီးရခြင်း၏ မူလဇစ်မြစ်မှာ အတောမသတ်နိုင်သော သယံဇာတထုတ်ယူမှု၊ စားသုံးမှုနှင့် ကမ္ဘာပေါ်တွင် အင်အားအကြီးဆုံးရှိသူတို့၏ လောဘဇောတို့ကြောင့် ဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှု၏သက်ရောက်မှုများကိုကြံ့ကြံ့ခံနိုင်ရန်အတွက် ဌာနေကရင်လူမျိုးများသည် ၎င်းတို့၏ ကော်နှင့် ကော်ထဲက အရင်းအမြစ်များ၊ ၎င်းတို့၏ ကျွမ်းကျင်မှု၊ ဌာနေအသိပညာနှင့် ၎င်းတို့တွင်ရှိသော စီမံခန့်ခွဲမှုယန္တရားများအပေါ်တွင် မှီခိုနေထိုင်ကြသည်။ ပြောင်းလဲလာသော မိုးလေဝသအခြေအနေများကို ကြိုတင်ခန့်မှန်းရန်နှင့် တုံ့ပြန်ရန်အတွက် သဘာဝဖြစ်စဉ်များကို စောင့်ကြည့်လေ့လာနိုင်သည့် ရိုးရာဓလေ့အသိပညာနှင့်ဉာဏ်ပညာကို အားကိုးကြသည်။ ဥပမာအားဖြင့် စော်တေးဒဲကော်ရှိ လူမှုအသိုင်းအဝိုင်းများအဆိုအရ သစ်ပင် (သို့မဟုတ်) ဝါးပင်ပေါ်တွင် အရွက်နုများဝေနေခြင်းသည်မိုးဦးကျတော့မည့်လက္ခဏာကို ညွှန်ပြခြင်းဖြစ်သည်။ အစုလိုက်အပြုံလိုက်ပေါက်လေ့ရှိသော ဝါးဘိုးဝါးများတွင် အရွက်နုများထွက်လာပြီဆိုပါက မိုးရာသီအချိန်ရောက်ပြီဟု ဌာနေလူထုများက ပြောပြပါသည်။

---

၈ *UN Environmental Programme (UNEP). 2022. The closing window: Climate crisis calls for rapid transformation of societies. Accessed at: https://www.unep.org/resources/emissions-gap-report-2022*

ထို့အပြင် ကရင်ဘာသာအားဖြင့် တအဲနာဟု ခေါ်သော သဖန်းပင်တစ်မျိုး (ficus oppositifolia) ၏ အပင်ခြေရင်းအထိ အသီးများသီးနေလျှင် မိုးများပြီးရေကြီးမည့် အသိပေးလက္ခဏာ ဖြစ်ကြောင်း လူကြီးများကပြောကြသည်။ မုန်တိုင်း၏ သက်ရောက်မှုနှင့်အရှိန်ကို လျော့ပါးစေရန် စပါးစေ့နှင့်ငါးပိတို့ကို ဖြန့်ကြဲကြသည်။ သစ်ပင်၏ပင်စည်ပေါ်တွင် ပုရွက်ဆိတ်များ အသိုက်ဆောက်ပါက ကြီးမားသော မုန်တိုင်းတိုက်ခတ်နိုင်သည်ဟု လူကြီးများက ဆိုကြသည်။ ဤကဲ့သို့သော စောင့်ကြည့်လေ့လာမှု၊ နှင့် မိရိုးဖလာ အသိပညာနှင့်ဉာဏ်ပညာအသုံးပြုမှုများကို ယနေ့အထိ ယုံကြည်အားထားနေကြဆဲဖြစ်သည်။

စပါးရိတ်သိမ်းချိန်တွင် ကြွက်များ၏ရန်ကိုကာကွယ်ရန်အတွက် ရွှေ့ပြောင်းတောင်ယာများ၏အစပ်နားတွင် ဝါးထောင်ချောက်များကို ထောင်လေ့ရှိကြသည်။ ဝိညာဉ်ရေးရာပိုင်းတွင် ခရစ်ယာန်အသိုင်းအဝိုင်းတို့က အစာရှောင်ဆုတောင်းခြင်းအားဖြင့် ၎င်းတို့၏တုန်လှုပ်ချောက်ချားမှုနှင့် စိတ်ဖိစီးမှုများကို ကျော်လွှားရန် ပြုလုပ်ကြသကဲ့သို့ စပါးနှင့်ကောက်ပဲသီးနှံများ ပိုးကျသောအခါ အစာရှောင်ဆုတောင်းခြင်းများကိုလည်း လုပ်ဆောင်ကြသည်။ အထူးသဖြင့် ပိုးကျသောအကွက်၏ဘေးပတ်ပတ်လည်ကို ရှင်းလင်းပြီးနောက် "ပိုးကောင်တွေရေ (စပါး၊ သီးနှံ) အချို့ကိုလည်းစား၊ ငါတို့အတွက်လည်း ချန်ထား" ဟူ၍ ဆုတောင်းကြသည်။ လူကြီးများ၏အဆိုအရ ဤထုံးတမ်းစဉ်လာကို ပြုလုပ်ရခြင်းမှာ စိုက်ခင်းတစ်ခုလုံးအတွင်း ဖျက်ပိုးများ ပြန့်နှံ့ကူးစက်သွားခြင်းမရှိအောင်ထိန်းချုပ်ရန် ဖြစ်သည်။

**ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ၎င်းတို့၏ဘိုးဘွားများက အောက်ပါအတိုင်း မှာကြားခဲ့သည်။**

*"အို..သားတို့သမီးတို့၊ သစ်သားငရုတ်ဆုံကို ထွင်းထားပါ၊ ဝါးစကောကို ယက်လုပ်ထားပါ။ ဒီပစ္စည်းတွေကို မပြင်ထားဆင်ရင် သင်တို့ မခံနိုင်တဲ့ အခက်အခဲများကို ကြုံတွေ့ရလိမ့်မည်။"*

*""ခါးရိုးကို တင်းကြပ်စွာ ဆုပ်ကိုင်ထားရင် ငတ်မွတ်ခေါင်းပါးမှုကို မကြုံရဘဲ သင်တို့မှာ စားနပ်ရိက္ခာဖူလုံစွာ ရှိလိမ့်မယ်"*

ဤသွန်သင်ချက်နှင့်လမ်းညွှန်ချက်များက စိုက်ပျိုးရေးအတွက်လိုအပ်သော မိရိုးဖလာအခြေခံလယ်ယာသုံးပစ္စည်းများကို ပြင်ဆင်ထားရန်နှင့် လုံ့လဝီရိယရှိရန် စော်တေးဒဲကော်၏ မျိုးဆက်သစ်များကို သတိပေးထားခြင်းဖြစ်ပါသည်။



*သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်တွင် ကျင့်သုံးသည့် သီးနှံရောနှောစိုက်ပျိုးစနစ်*

## အရင်းအမြစ်အပေါ် အခြေခံသော အသက်မွေးဝမ်းကျောင်းစနစ်များ

စော်တေးဒဲကော်ရှိ ဌာနေတိုင်းရင်းသားတို့၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ “ခူ” ဟုခေါ်သော ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးရေး၊ အသေးစားရောင်းဝယ်ရေး၊ ရိုးရာရက်ကန်းလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေး၊ နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း ရှာဖွေရယူခြင်း၊ စသည်တို့ ပါဝင်သည်။

ခြောက်သွေ့ရာသီအစ မတ်လအစောပိုင်းတွင် ဒေသခံပြည်သူများသည် ဆန်၊ ဆား၊ ငါးပိ၊ ဒညင်းသီး၊ မျှစ်နှင့် မုန်ညင်းရွက်တို့ကို အချဉ်ဖောက်ပြီး မျှစ်ခြောက်၊ ပဲနှင့် ငရုတ်သီးများကို စတင်သိုလှောင်ထားကြသည်။ ဤပြင်ဆင်မှုတို့သည် ဖြစ်လာနိုင်သော (သို့မဟုတ်) ကြိုတင်မမြင်နိုင်သော ဘေးအန္တရာယ်များကို ရင်ဆိုင်ရသည့်အခါ ထိခိုက်မှုလျော့ပါးသက်သာအောင် ပြင်ဆင်ထားသော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ စော်တေးဒဲကော်ရှိ ဌာနေလူထုတို့သည် ၎င်းတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော ရွှေ့ပြောင်းတောင်ယာစနစ်ကို မျိုးဆက်ပေါင်းများစွာ ထိန်းသိမ်းလုပ်ကိုင်လာခဲ့ပြီး ဤသည်မှာ တောင်ပေါ်ကရင်တိုင်းရင်းသားလူထုတို့၏ ရေရှည်တည်တံ့သော မြေအသုံးချစီမံခန့်ခွဲမှုပုံစံတစ်မျိုး ဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ဟန်ချက်ညီညီ အလုပ်လုပ်နိုင်ရေးကို ပံ့ပိုးထိန်းသိမ်းပေးသည့် မိရိုးဖလာဂေဟစိုက်ပျိုးရေးသဘောတရား (agroecological principle) များကို လိုက်နာခြင်းဖြင့် ဒေသခံများသည် ၎င်းတို့၏ တောင်ယာများတွင် အခြားသောအပင်များနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို စပါးပင်များနှင့် ရောနှောစိုက်ပျိုးကြသည်။



ရွှေ့ပြောင်းတောင်ယာတွင်ကျင့်သုံးသည့် သီးနှံရောနှောစိုက်ပျိုးစနစ်



တောင်ယာတွင်စိုက်ပျိုးသည့် ရိုးရာပန်းများ

စော်တေးဒဲကော်တွင်မြင်ရသည့် မိရိုးဖလာရွှေ့ပြောင်းတောင်ယာစနစ်



၁၉၉၀ ပြည့်လွန်နှစ်များတွင် ရပ်ရွာအများစုသည် သီးနှံသစ်တောရောနှောစိုက်ပျိုးရေးလုပ်ငန်း (agroforestry) ဖက်ကို ပိုမိုပြောင်းလဲလုပ်ကိုင်သွားကြသော်လည်း မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအလေ့အထသည် ၎င်းတို့၏ဝမ်းရေးနှင့် ဇီဝယဉ်ကျေးမှုအရင်းအမြစ်များစီမံခန့်ခွဲရေးတွင် ဆက်လက်အရေးပါနေဆဲဖြစ်သည်။ ၎င်းတို့၏အစားအစာထုတ်လုပ်ရေးစနစ်သည် ဂေဟစနစ်ကျန်းမာစွာတည်ရှိနိုင်မှုအပေါ်မူတည်သည်ဟူသော ဘိုးဘေးများ၏သွန်သင်ချက်အပေါ်အခြေခံပြီး စိုက်ပျိုးရရှိသည့်ဆန်စပါးသည် ၎င်းတို့၏ ဇီဝယဉ်ကျေးမှုလက္ခဏာတစ်ခုလည်း ဖြစ်သည်။

ရွှေ့ပြောင်းတောင်ယာတွင်သီးနှံများရိတ်သိမ်းပြီးပါကပလပ်မြေ (ကရင်လို "သီ" ဟုခေါ်သည်) များကို ပြန်လည်မစိုက်ပျိုးမီ မြေဆီမြေသြဇာပြန်လည်ပြည့်ဖြိုးလာရန်တွက် ၇ နှစ်မှ ၁၅ နှစ်အထိ ထားပေးရသည်။ အချိန်ကြာလာသောအခါပလပ်မြေများတွင် မြေဆီလွှာများတစ်ဖန်ပြန်လည်ကောင်းမွန်လာသည်။ ဌာနေလူကြီးများ၏ပြောပြချက်အရ ရောနှောရွက်ကြွေတောအမျိုးအစားမြေများတွင် မြေဆီမြေသြဇာပြန်လည်ပြည့်ဖြိုးလာရန် အနည်းဆုံး ၇ နှစ် ကြာမြင့်လေ့ရှိပြီး မြေနိမ့်ပိုင်းရှိ အမြဲစိမ်းသစ်တောအမျိုးအစားမြေများတွင် ၁၅ နှစ်အထိ အချိန်ယူရကြောင်း သိရသည်။

ဌာနေလူကြီးများ၏အဆိုအရ ရွှေ့ပြောင်းတောင်ယာထဲတွင် သီးနှံအပင်၊ ဆေးဖက်ဝင်အပင်၊ သစ်သီးဝလံ၊ ပိန်းပင်၊ နှင့် မျောက်ဥပင်များအပါအဝင် အပင်အမျိုးပေါင်း ၃၄ မျိုးနှင့် ပန်းအမျိုးမျိုးစိုက်ပျိုးလေ့ရှိကြောင်း သိရသည်။ ဥပမာအားဖြင့် မုန်ညင်း၊ ပဲအမျိုးမျိုး၊ ပိန်းဥ၊ ခရမ်း၊ သခွားသီး၊ ဘူးသီး၊ ပင်စိမ်း၊ ကြက်ဟင်းခါးသီး၊ ရွှေဖရုံသီး၊ နနွင်း၊ ဂျင်း၊ ပီလောပီနံ၊ ကောက်ညှင်း၊ ပဲ၊ ရေတ်၊ ပြောင်းဆန်နှင့် အခြားဟင်းသီးဟင်းရွက်များကို ရွှေ့ပြောင်းတောင်ယာများတွင် ရောနှောစိုက်ပျိုးကြသည်။ ထို့အပြင် တောင်ယာထဲတွင် စိုက်ပျိုးလေ့ရှိသော စပါးမျိုးစိတ် ၁၁ မျိုးရှိပြီး ကောက်ညှင်းမျိုးစိတ် ၄ မျိုးဝန်းကျင် ရှိသည်။ ရွှေ့ပြောင်းတောင်ယာများတွင် ရိုးရာအခမ်းအနားသုံး ပန်းများကို စိုက်ပျိုးခြင်းသည်လည်း တောင်ယာ၏မရှိမဖြစ်သော အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ အဆိုပါပန်းများကို မကောင်းဆိုးဝါးများအားခြောက်လှန့်ရန် (သို့မဟုတ်) မောင်းထုတ်ရန်၊ ထို့အပြင် စိုက်ပျိုးထားသော အပင်များအား ဖျက်ပိုးများ၏ရန်မှ ကာကွယ်ပေးရန် အတွက်လည်းဖြစ်ကြောင်း လူကြီးများက ရှင်းပြသည်။

### "ခူ" ရွှေ့ပြောင်းတောင်ယာတွင် စိုက်ပျိုးသည့်သီးနှံများ

| | |
|---|---|
| ဆန်စပါးအမျိုးအစား | ၁၁ |
| ကောက်ညှင်းဆန်အမျိုးအစား | ၄ |
| ဟင်းသီးဟင်းရွက်များ၊ ဆေးဖက်ဝင်အပင်များ၊ ပင်စိမ်း၊ သစ်သီးများ၊ ပိန်းဥမျိုးစိတ်များ | ၃၄ |
| ရိုးရာအခမ်းအနားတွင် အသုံးပြုသော ပန်းမျိုးစိတ် | ၇ |

# "ခူ" ရွှေ့ပြောင်းတောင်ယာ၏ ရိုးရာစည်းမျဉ်းစည်းကမ်းများ

၁။ တောမီးအန္တရာယ်ကို ကာကွယ်ရန်အတွက် တောင်ယာခုတ်သူသည် ၎င်း၏တောင်ယာပတ်ပတ်လည်တွင် မီးလမ်းများကို စနစ်တကျပြုလုပ်ရန် တာဝန်ရှိသည်။

၂။ တောင်ကြောကဲ့သို့သော အရေးပါဂေဟစနစ်ဇရိယာများအနီးရှိ (သို့မဟုတ်) နယ်နိမိတ်အတွင်းရှိမြေများကို ခုတ်ထွင်ရှင်းလင်းခြင်းမပြုရ။

၃။ နားထီး (ရေစောင့်နတ်) ၏ နေရာဟုယူဆရသည့် ထီးမယ်ကလာ (ရေထွက်ရာဒေသ) ၏ အနီးတဝိုက်နယ်မြေကို ခုတ်ထွင်ရှင်းလင်းခြင်း မပြုရ။

၄။ တောင်ယာခုတ်သူသည် ၎င်း၏တောင်ယာထဲတွင် ဌာနေမျိုးစေ့များ၊ အပင်များ၊ သစ်ဥသစ်ဖုများနှင့် ပိန်းအမျိုးမျိုးကို ရောနှောစိုက်ပျိုးခြင်းဖြင့် မိရိုးဖလာစိုက်ပျိုးရေးဓလေ့ထုံးတမ်းများကို လိုက်နာရမည် ဖြစ်သည်။

၅။ တောင်ယာအတွက် ပြင်ဆင်ခြင်းနှင့်ခုတ်ထွင်ရှင်းလင်းခြင်းများ လုပ်ဆောင်နေစဉ်ကာလအတွင်း တောင်ယာခုတ်သူသည် သစ်ပင်တစ်ပင်လုံးကို ခုတ်လှဲခြင်းမပြုဘဲ "ထိုဘီးခါ" ငှက်များနားနေနိုင်ရန်အတွက် အကိုင်းအခက်အချို့ကို ချန်ထားရမည်။ (ဤငှက်သည် စပါးအထွက်နှုန်းနှင့်တောင်ယာမြေကို စောင့်ရှောက်သည်ဟု ဘိုးဘွားများက ယုံကြည်ကြသည်။)

၆။ သင်္ချိုင်းမြေ၊ မော (ဆားအိုင်)၊ နှင့် လိုး (မိရိုးဖလာနတ်စားကရင်တို့၏ သင်္ချိုင်းမြေ) များကို ရှင်းလင်းခြင်း (သို့မဟုတ်) ဤနေရာများတွင် စိုက်ပျိုးခြင်းကို ခွင့်မပြု။ ချိုးဖောက်ပါက သီးနှံများ မအောင်ခြင်း၊ ခူကသွီးဖြစ်ခြင်း (စိုက်ပျိုးမြေအောက်တွင် အငွေ့ပျံခြင်း/ရေငွေ့ခိုခြင်းကြောင့် သီးနှံများသေဆုံးခြင်း)၊ နှင့် မိသားစုဝင်များတွင် အမျိုးအမည်မသိသော ဘေးအန္တရာယ်များ ကြုံတွေ့ရခြင်း၊ စသည်များနှင့် ကြုံရလိမ့်မည်။

၇။ တောင်ယာသို့သွားစဥ် သင့်ရှေ့တွင် သမင်တစ်ကောင်ဖြတ်သွားပါက ဆိုးရွားသောနိမိတ်လက္ခဏာကို ဆောင်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် သင်၏အိမ်သို့ ချက်ချင်းပြန်၍ အနားယူရမည်။ နောက်နေ့တွင် သင့်တောင်ယာသို့ ပြန်သွားနိုင်သည်။

၈။ တောင်ယာခုတ်နေသည့်နေရာတွင် မျောက်လေပွေနှင့် မြွေကိုတွေ့ပါက ထိုနေရာကို ထားခဲ့ရမည်။ ချိုးဖောက်ပါက ကြိုတင်မှန်းဆ၍မရသော ဘေးအန္တရာယ်များ (ကျန်းမာရေးပြဿနာများ) ကို မိသားစုထဲတွင် ကြုံရမည်။

၉။ စပါးရိတ်သိမ်းချိန်အတွင်း ဧည့်သည်တစ်ဦးဦးသည် ရိတ်သိမ်းထားသောစပါးစည်းများကို ကျော်ခွခြင်း၊ ဖြတ်လျှောက်ခြင်း မပြုရပါ။ အကယ်၍ ထိုသို့ပြုလုပ်မိပါက စပါး၏လိပ်ပြာသည် အခြားနေရာသို့ထွက်သွားမည်ဖြစ်ပြီး စားနပ်ရိက္ခာပြတ်လပ်မှုဖြစ်ပေါ်မည်ဟု ယုံကြည်ကြသည်။



*ပိန္နဲ၊ ဒူးရင်း၊ ကွမ်း၊ နှင့် ကြက်မောက်များကို သစ်တောနှင့်ရောနှောစိုက်ပျိုးသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်၊ စော်တေးဒဲကော်။*

## သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းလုပ်ငန်းသည် စော်တေးဒဲကော်ရှိ ဌာနေတိုင်းရင်းသားတို့၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်။ သစ်တောအပေါ်အခြေခံသည့် ဤအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ဖာလာ၊ ဒူးရင်း၊ မင်းဂွတ်သီး၊ သံပုရာသီး၊ သရက်သီး၊ ကော်ဖီ၊ ဒညင်းသီး၊ အုန်းသီးနှင့် ကြက်မောက်စိုက်ပျိုးခြင်း၊ စသည်တို့ ပါဝင်သည်။ သီးနှံသစ်တောရောနှောစိုက်ပျိုးရေးလုပ်ငန်းသည် သစ်တောခုတ်ထွင်ရှင်းလင်းရန်မလိုအပ်သည့် သစ်တောအခြေခံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သည့်အားလျော်စွာ ဤလုပ်ငန်းသည် ကာဗွန်ဒိုင်အောက်ဆိုဒ်မများလာအောင် ထိန်းပေးခြင်းမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများကို အရေးပါသောအခန်းကဏ္ဍကနေ ကူညီဖြေရှင်းပေးသည် သာမက ဇီဝမျိုးစုံမျိုးကွဲများအတွက် ခိုလှုံရာနေရာများပေးခြင်း၊ ဂေဟာစနစ်ကောင်းမွန်ကျန်းမာရေးကို ထိန်းပေးခြင်း၊ ရေသံသရာလည်ပတ်မှုကောင်းမွန်အောင် ထိန်းပေးခြင်း၊ မြေဆီမြေသြဇာများကို ပုံမှန်ပြန်လည်ကောင်းမွန်လာစေခြင်း၊ နှင့် ရာသီဥတုကို ထိန်းညှိပေးခြင်း၊ စသောအကျိုးကျေးဇူးအမျိုးမျိုးကို ပေးနေပါသည်။ ထို့အပြင် သီးနှံသစ်တောရောနှောစိုက်ပျိုးရေးလုပ်ငန်းသည် ဒေသခံများ၏ အသက်မွေးဝမ်းကျောင်း၊ စားနပ်ရိက္ခာဖူလုံရေး၊ နှင့် ဝင်ငွေရရှိရေးတို့ကို ကူညီပံ့ပိုးပေးသလို အာဟာရဓါတ်ပြည့်ဝသော အစားအစာကိုထုတ်ပေးသည့် အရင်းအမြစ်တစ်ခုလည်း ဖြစ်သည်။ ကပ်ဘေးနှင့် ဒုက္ခသောကများကို ပြည်သူများရင်ဆိုင်နေရချိန်တွင် ၎င်းသည် လိုအပ်သောအရာများကို ဝယ်ယူနိုင်ရန်အတွက် ပုံမှန်ဝင်ငွေကို ရရှိစေသည့် အခက်အခဲဖြေရှင်းရေးနည်းဗျူဟာတစ်ခုလည်း ဖြစ်သည်။

"ဒီ..သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့လုပ်ငန်းရဲ့ အဓိကအကျိုးကျေးဇူးတွေထဲက တစ်ခုကတော့ ရာသီပေါ်သီးနှံတွေကို သူ့ရာသီနဲ့သူ တစ်နှစ်လုံးရောင်းလို့ရတဲ့အတွက် ကျွန်ုပ်တို့ရဲ့ မိသားစုလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ပုံမှန်ဝင်ငွေရတယ် ဆိုတဲ့အချက်ပါပဲ။"

တစ်ကမ္ဘာလုံးတွင် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်နှင့် ဒေသခံလူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အားကောင်းအောင် ပံ့ပိုးပေးရန်အတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးရေးလုပ်ငန်းကို ထိရောက်သော တောတောင်ရေမြေပေါင်းစပ်စီမံခန့်ခွဲမှုစနစ်တစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (IPCC) ၏ အစီရင်ခံစာအရ ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးအစီအမံတစ်ခုကဲ့သို့ဖြစ်နေသော သီးနှံသစ်တောရောနှောစိုက်ပျိုးရေးလုပ်ငန်းသည် ၎င်း၏ကာဗွန်စုဆောင်းသိုလှောင်နိုင်ခြင်းစွမ်းရည်ကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏကို သိသိသာသာ လျှော့ချနိုင်ပြီး ဖယ်ရှားနိုင်သည်ဟု သိရသည်။[၉] စောတေးဒဲကော်ရှိ ဌာနေတိုင်းရင်းသားလူမျိုးများသည် သီးနှံသစ်တောရောနှောစိုက်ပျိုးရေးအတွက် နေရာများကို ဂရုတစိုက်ရွေးချယ်ကြသည်။ ဥပမာ၊ ရေအလွယ်တကူရရှိနိုင်သော ချောင်းအနီးအနားနေရာများနှင့် မြေဆီမြေသြဇာကြွယ်ဝသော သစ်တောနေရာများကို ရွေးချယ်ကြသည်။

၉ *https://www.ipcc.ch/site/assets/uploads/sites/4/2019/12/02_Summary-for-Policymakers_SPM.pdf*





ဥယျာဉ်ခြံထွက် ဒူးရင်းသီးများကို မြင်ရစဉ်



## သစ်တောထွက်ပစ္စည်းရှာဖွေရယူခြင်း

သစ်တောများသည် ကမ္ဘာမြေ၏အရေးကြီးဆုံး အရင်းအမြစ်များထဲမှ တစ်ခုဖြစ်သည်။ ကမ္ဘာ့အရေးကြီး ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရန်အတွက်နေရာဒေသကို ဖန်တီးပေးသလို ကာဗွန်ဖမ်းယူထိန်းပေးခြင်းကဲ့သို့သောအရေးကြီးအခန်းကဏ္ဍကို တာဝန်ယူထားသည့် သစ်တောသည် စော်တေးဒဲကော်ရှိ ဌာနေကရင်လူထုအသိုင်းအဝိုင်းများအတွက် မရှိမဖြစ်သော အရင်းအမြစ်တစ်ခုဖြစ်သည်။ ယခင် မြန်မာစစ်တပ်မှ ၎င်းတို့သတ်မှတ်ထားသောနေရာသို့ပြောင်းရွှေ့ရန် အမိန့်ပေးခဲ့စဉ်က ဒေသခံဌာနေလူထုတို့သည် ၎င်းတို့၏ အသက်အိုးအိမ်လုံခြုံရေးအတွက်ပိုမိုဘေးလွတ်သော တောတောင်နှင့် ရေတံခွန်လိုဏ်ဂူများဆီသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ မြန်မာစစ်တပ်၏ ရက်စက်ယုတ်မာမှုများကို ဖြတ်သန်းခဲ့ရစဉ်က ၎င်းတို့၏ ကော်အတွင်းရှိ သစ်တောနှင့်သဘာဝနေရာများသည် ၎င်းတို့အတွက် လွတ်မြောက်ရာနှင့် ခိုလှုံရာ နေရာများဖြစ်ခဲ့သည်။ စော်တေးဒဲကော်တွင် ရောနှောရွက်ကြွေတောနှင့် အပူပိုင်းအမြဲစိမ်းတော ဟူ၍ သစ်တောအမျိုးအစား နှစ်မျိုးရှိသည်။ စော်တေးဒဲကော်သည် သစ်တောများဝန်းရံထားသော တောင်တန်းများပေါ်တွင် တည်ရှိသောကြောင့် ၎င်း၏ရာသီဥတုအခြေအနေမှာ အလွန်ကောင်းမွန်ပြီး ဒေသ၏မိုးလေဝသကိုလည်း ကြိုတင်မှန်းဆနိုင်သည်။ ရပ်ရွာလူကြီးများ၏အဆိုအရ သူတို့၏ "ကော်" အထဲတွင် သစ်ပင်မျိုးစိတ် ၇၄ မျိုး၊ ဝါးမျိုးစိတ် ၁၃ မျိုး၊ ဆေးဖက်ဝင်အပင် ၃၅ မျိုး၊ နို့တိုက်သတ္တဝါ ၂၈ မျိုး၊ နှင့် ငှက်မျိုးစိတ် ၂၇ မျိုးကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။


"ကူဂေါ်ဒေါ်"ဟု လူသိများသော ရိုးရာဆေးဖက်ဝင်အပင်များ ခူးဆွတ်နိုင်သည့် သစ်တောတစ်ခုရှိပြီး ၎င်းကို ဒေသခံပြည်သူများက အထွတ်အမြတ်ထားရာ ဒေသတစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။ ဆေးဖက်ဝင်အပင်များကိုမခူးဆွတ်ခင် ငွေ၊ သို့မဟုတ် ရွှေမှုန့်၊ သို့မဟုတ် ကွမ်းယာအနည်းငယ်ကို ဆက်သရသည့် ဓလေ့ထုံးတမ်းတစ်ခုရှိသည်ဟု သိရသည်။ ဤသို့

ပြုလုပ်ပါက ရရှိလာသောဆေးဝါးများမှာ ပိုမိုထိရောက်ပြီး ဖျားနာမှုများကို ပျောက်ကင်းစေနိုင်သည်ဟု ယုံကြည်ကြသည်။ ဤ “ကူဂေါ်ဒေါ်” သစ်တောကို ဖြတ်သွားသော ဒဏ်ရာရရှိထားသည့် တိရစ္ဆာန်များသည်ပင် ဒဏ်ရာပျောက်ကင်းလာနိုင်သည်ဟုဆိုကြသည်။ စော်တေးဒဲကော်တွင် ကျားသစ်၊ ဝက်ဝံ၊ သမင်၊ မျောက်လွှဲကျော်၊ သင်းခွေချပ်၊ ပြောင်နှင့် တောခွေးများအပါအဝင် နိုင်ငံတကာကအသိအမှတ်ပြုထားသော မျိုးသုဉ်းပျောက်ကွယ်လုနီးပါးနေပြီဖြစ်သည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ်အချို့ ရှိနေသေးသည်။

ရေသည် ရပ်ရွာလူထု၏ စားဝတ်နေရေးအတွက်သာမက သစ်တော၊ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးကွဲများအတွက် မရှိမဖြစ်လိုအပ်သော အရင်းအမြစ်ဖြစ်သည်။ စော်တေးဒဲကော်တွင် မြစ်ချောင်း ၁၂ စင်း၊ ငါးထိန်းသိမ်းရေးနယ်မြေ ၁ ခု၊ နှင့် ယဉ်ကျေးမှုအရ အထွတ်အမြတ်ထားရာနေရာ ၇ ခု ရှိသည်။

## သဘာဝသယံဇာတ စီမံခန့်ခွဲမှု

| | |
|---|---|
| သစ်ပင်မျိုးစိတ် | ၇၄ |
| ဝါးမျိုးစိတ် | ၁၃ |
| ဆေးဖက်ဝင်အပင်များ | ၃၅ |
| နို့တိုက်သတ္တဝါမျိုးစိတ် | ၂၉ |
| ငှက်မျိုးစိတ် | ၂၇ |
| ငါးမျိုးစိတ် | ၂၅ |
| မြွေမျိုးစိတ် | ၁၄ |
| မြစ်/ချောင်း | ၁၂ |
| ငါးထိန်းသိမ်းရေးနယ်မြေ | ၁ |
| ယဉ်ကျေးမှုအရ အထွတ်အမြတ်ထားသော နေရာဒေသ | ၇ |



## လူမှုရေးနှင့်ရပ်ရွာစံနှုန်းများ

စော်တေးဒဲကော်၏ ဌာနလူထုများအကြားတွင် အပြုသဘောဆောင်သည့် ရိုးရာလက္ခဏာများစွာရှိသည့်အနက် တစ်ခုမှာ ကရင်ဘာသာစကားဖြင့် “တာမာဒေါ်မာကာ” ဟုခေါ်သော အချင်းချင်းရိုင်းပင်းကူညီခြင်း ဖြစ်သည်။ “တာမာဒေါ်မာကာ”၏ သဘောတရားနှင့်လူမှုရေးစရိုက်ကို ရပ်ရွာလူထုတို့က အလွန်တန်ဖိုးထားကြသည်။ ၎င်းကို စေတနာအရပြုလုပ်သည့် အခြေခံလုပ်ဆောင်ချက်တစ်ခုအဖြစ် သတ်မှတ်နိုင်သည်။ “တာမာဒေါ်မာကာ”ကို အများအားဖြင့် နေအိမ်ဆောက်ခြင်း၊ အမဲလိုက်ခြင်း၊ ရိတ်သိမ်းခြင်း၊နှင့် မင်္ဂလာဆောင်အခမ်းအနားများတွင် တွေ့ရလေ့ရှိပြီး ရပ်ရွာလူထု၏ စုပေါင်းလုပ်အားနှင့် အချင်းချင်းမှီခိုအားထားမှုကိုဖေါ်ပြသည့် အခြားရပ်ရွာလုပ်ငန်းများတွင် တွေ့ရသည်။ အခြားသူများကို ဂရုစိုက်ပြီး စောင့်ရှောက်ကူညီရမည်ဟူသော ဤစရိုက်လက္ခဏာကို ဘိုးဘွားများက အစဉ်အဆက်သွန်သင်ဆုံးမ လမ်းပြပေးခဲ့ခြင်းဖြစ်သည်။ ဤသည်မှာ မိမိ၏အိမ်နီးနားချင်းတို့အပေါ် ချစ်ခြင်းမေတ္တာထားပြီး ညော့်ဝတ်ကြေ၊ ဂရုစိုက်၊ နှင့် စာနာသော ကရင်ရိုးရာယဉ်ကျေးမှု၏ အခြေခံကျင့်ဝတ်တစ်ခုဖြစ်သည်။ ဌာနေလူကြီးများ၏အဆိုအရ “တာမာဒေါ်မာကာ” သည် သဘာဝဘေးအန္တရာယ်နှင့် စစ်ဘေးဒဏ်ကို ကြံ့ကြံ့ခံရာတွင် အထောက်အကူပေးသည့် အရေးကြီးသော ခုခံရေးအစိတ်အပိုင်းများထဲမှ တစ်ခုဖြစ်သည်။ ၎င်းသည် ရပ်ရွာ၏ စည်းလုံးညီညွတ်မှုနှင့်စုပေါင်းမှုကို ဆောင်သော ယဉ်ကျေးမှုသင်္ကေတတစ်ခုလည်း ဖြစ်သည်။

### ဖြစ်ရပ်လေ့လာမှု - မတရားမှုကို ဆန့်ကျင်သူ၊ ဘိုးဘွားပိုင်နယ်မြေကို ကာကွယ်သူ၊ နှင့် နှစ်ပေါင်း ၄၀ ကြာ ပြည်တွင်းစစ်ပြေးဒုက္ခသည်ဖြစ်ရသူတစ်ဦး၏ အတွေ့အကြုံ

ဦးချိုဟု မြန်မာလိုအမည်ပွင့်ယ်ရသည့် တီးစောဆဲသည် စော်တေးဒဲကော်တွင် အများကရိုသေလေးစားနေသော ဌာနေခေါင်းဆောင်တစ်ဦးဖြစ်သည်။ သူသည် စော်တေးဒဲကော် (ကော်ထီမူးရှီး) ကော်မတီ၏ ဒု-ဥက္ကဋ္ဌဖြစ်သလို အသင်းတော်လူကြီးတစ်ဦးလည်း ဖြစ်သည်။ တီးစောဆဲကို လွတ်လပ်ရေးရပြီးလေးနှစ်အကြာ၊ ၁၉၅၂ ခုနှစ်တွင် ဖခင်စောဖိုးအောင်နှင့် မိခင်နော်ရဲလိုတို့က မွေးဖွားခဲ့သည်။ အသက် ၇၀ အရွယ်ရှိပြီဖြစ်သော တီးစောဆဲသည် စော်တေးဒဲကော်ဖွား ဌာနေတိုင်းရင်းသားတစ်ဦးဖြစ်သည်။ မွေးချင်းမောင်နှမထဲတွင် အကြီးဆုံးဖြစ်ပြီး ညီနှစ်ယောက်နှင့် ညီမနှစ်ယောက်ရှိသည်။ ကံမကောင်းစွာပင် ၎င်းအသက် ၁၀ နှစ်အရွယ်တွင် မိခင်ဖြစ်သူဆုံးပါးသွားခဲ့သည်။ တီးစောဆဲသည် စီခဲဒဲကျေးရွာစာသင်ကျောင်းတွင် ပညာသင်ယူခဲ့ပြီး ကျန်းမာရေးပြဿနာကြောင့် ၅ တန်းတက်ပြီး နှစ်လအကြာတွင် ကျောင်းထွက်ခဲ့ရသည်။ ကျောင်းထွက်ပြီးနောက် ဖခင်ဖြစ်သူ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီလုပ်ဆောင်ပေးခဲ့ကာ ညီနှင့်ညီမငယ်များ၏ပညာရေးကို ထောက်ပံ့ပေးခဲ့သည်။

သူ၏ရွာတွင် သူငယ်စဉ်က တိုက်ပွဲများရံဖန်ရံခါဖြစ်ခဲ့သော်လည်း စိုးရိမ်ဖွယ်ရာမရှိခဲ့ဟု တီးစောဆဲက ဆိုသည်။ သို့သော် ၁၉၇၅ ခုနှစ်၊ ဇွန်လရောက်သည့်အချိန် မြန်မာစစ်တပ်မှ ကရင့်တော်လှန်ရေးကိုချေမှုန်းရန်နှင့် ကရင်တို့၏ဘိုးဘွားနယ်မြေနှင့် သဘာဝသယံဇာတများကို ထိန်းချုပ်နိုင်ရန်အတွက် နာမည်ဆိုးဖြင့်ကျော်ကြားသော “ဖြတ်လေးဖြတ်” စစ်ဆင်ရေးကို စတင်ပြီး နောက်ပိုင်း၌

ဒေသတွင်း အခြေအနေများမှာ ဆိုးရွားလာခဲ့သည်။ "ဒါဟာ ကြောက်စရာကောင်းတဲ့ အတွေ့အကြုံပါပဲ" ဟု တီးစောဆဲက ပြောပြသည်။ ထိုအချိန်က သူ၏ရွာအပါအဝင် တောင်ပေါ်ဒေသရှိကျေးရွာများကို "ဖလေးဆာလို" ဟုခေါ်သောနေရာသို့ ပြောင်းရွှေ့ရန် မြန်မာစစ်တပ်က အမိန့်ပေးခဲ့သည်။ ထိုနေရာသည် မြန်မာစစ်တပ်၏ထိန်းချုပ်မှုအောက်တွင်ရှိပြီး မြန်မာစစ်တပ်၏အခြေစိုက်စစ်စခန်းများရှိရာနေရာ ဖြစ်သည်။ ဤသို့ အတင်းအကျပ်ပြောင်းရွှေ့နေထိုင်စေသောနေရာများအား မြန်မာစစ်တပ်က ငြိမ်းချမ်းရေးရွာဟုခေါ်ခဲ့ပြီး ရွှေ့ပြောင်းရန်ငြင်းဆိုသည့်ရွာများကို ရွာပုန်းဟု ခေါ်ဆိုသတ်မှတ်ခဲ့သည်။

မြန်မာစစ်တပ်၏ပြောင်းရွှေ့ရန်အမိန့်ကို ဖီဆန်သည့်အနေဖြင့် တီးစောဆဲနှင့် ၎င်း၏လူမှုအသိုင်းအဝိုင်းများက သူတို့၏ဘိုးဘွားနယ်မြေဖြစ်သော စောတေးဒဲကော်ထဲရှိ သစ်တောများထဲတွင် ပုန်းခိုနေထိုင်ခဲ့ကြသည်။ အဆိုပါဖြတ်လေးဖြတ်စစ်ဆင်ရေးကာလအတွင်း၌ "ဖလေးဆာလို" နေရာတွင် ဝင်ရောက်လှုပ်ရှားသောအဖွဲ့မှာ မြန်မာတပ်မတော် ခြေမြန်တပ်ရင်း (ခမရ) ၃၉ ဖြစ်သည်။ ၂၀၀၆ ခုနှစ်ရောက်သည့်အချိန် တပ်မ (၆၆) မှ တောအူး (တောင်ငူ) ခရိုင်တစ်ခုလုံးထဲသို့ ကြီးကြီးမားမား ဝင်ရောက်ထိုးစစ်ဆင်ခဲ့သည့်နောက်ပိုင်း၌ ဒေသအခြေအနေမှာ ပိုမိုဆိုးရွားလာခဲ့သည်။ တောတောင်များအတွင်း ပုန်းခိုနေခဲ့ရသည့်အချိန်တွင် ဒေသခံများကြုံတွေ့ခဲ့ရသောအကြီးမားဆုံးပြဿနာမှာ စားနပ်ရိက္ခာပြတ်လပ်မှုပင် ဖြစ်သည်။ မြန်မာစစ်တပ်က ရိက္ခာထောက်ပံ့ရေးလမ်းကြောင်းများကို ပိတ်ဆို့ထားသည့်အတွက် ဒေသခံလူထုတို့သည် မြေနိမ့်ပိုင်းဒေသများသို့ ညဘက်တွင် တိတ်တဆိတ်သွားပြီး စားနပ်ရိက္ခာများကို ဝယ်ယူခဲ့ကြရသည်။

*"ဆင်းရဲဒုက္ခတွေ၊ ခြိမ်းခြောက်မှုတွေ၊ အခက်အခဲတွေ၊ စစ်ပွဲတွေ၊ ဖိနှိပ်မှုတွေ၊ နဲ့ အတင်းအဓမ္မရွှေ့ပြောင်းခိုင်းတာတွေကို ကျွန်တော် ဘယ်လိုဘဲ ရင်ဆိုင်ခဲ့ရပေမဲ့ နောက်ဆုံးထွက်သက်အထိ ဒီဘိုးဘွားပိုင်မြေမှာဆက်နေဖို့ ကျွန်တော် အခိုင်အမာဆုံးဖြတ်ခဲ့တယ်။" _ တီးစောဆဲ*

*တီးစောဆဲက "မြန်မာစစ်တပ်ရဲ့ ထိုးစစ်နဲ့အတူ ကျွန်တော်တို့ကို အတင်းအဓမ္မရွှေ့ပြောင်းခိုင်းတဲ့ နှစ် ၄၀ အတွင်းမှာ ကျွန်တော်တို့ဟာ ဒီကော်နယ်မြေအတွင်းမှာဘဲ တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့ပုန်းအောင်းနေခဲ့တယ်။ ဒီဘိုးဘွားမြေကို ကျွန်တော်ဘယ်တော့မှ မစွန့်ဘူး။ အချို့နှစ်တွေမှာ တောထဲမှာပုန်းတယ်၊ အချို့နှစ်တွေကျတော့ ဂူထဲမှာ နေတယ်၊ အချို့နှစ်တွေမှာတော့ မြစ်ဖျားချောင်းဖျားဒေသတွေမှာ ပုန်းတယ်။ ဒီလိုပဲ ဘေးကင်းပြီး သူများလွယ်လွယ်မတွေ့နိုင်တဲ့နေရာတွေမှာ ပုန်းနေခဲ့ရတယ်" ဟု ဆိုပါသည်။*

ရာသီဥတုဖောက်ပြန်မှုနှင့် ပတ်သက်၍ စော်တေးဒဲကော်ရှိ ဌာနေတိုင်းရင်းသားအသိုက်အဝန်းသည် ပြင်းထန်သောသက်ရောက်မှုနှင့်ပြဿနာများကို မကြုံတွေ့ခဲ့ကြရပေ။ သူက "ကျွန်တော်တို့ဒေသမှာ အတော်လေးကောင်းမွန်မျှတတဲ့ ရာသီဥတုအခြေအနေနဲ့ကြိုတင်ခန့်မှန်းလို့ရတဲ့ မိုးရွာသွန်းမှုပုံစံတွေ ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ သစ်တောတွေကို မဖျက်ဆီးခဲ့လို့ဖြစ်မယ်။ ဘိုးဘွားတွေသွန်သင်လမ်းညွှန်ပေးခဲ့တဲ့ သစ်တောနဲ့ သဘာဝအရင်းအမြစ်စီမံခန့်ခွဲရေးနည်းလမ်းကောင်းတွေကို ကျွန်တော်တို့ ဆက်လက်လိုက်နာဆောင်ရွက်သွားမယ်။ ဒီဘိုးဘွားမြေထဲမှာ တိုက်ပွဲတွေ၊ စစ်ရေးလှုပ်ရှားမှုတွေနဲ့ ရွှေ့ပြောင်းရခြင်းတွေမရှိတော့ဘဲ ငြိမ်းချမ်းတဲ့ဘဝနဲ့ တည်ငြိမ်ကောင်းမွန်တဲ့ နိုင်ငံရေးအခြေအနေတွေကို ခံစားချင်တယ်၊ ရစေချင်တယ်။ ဒါဟာ ကျွန်တော့ရဲ့ပြင်းပြတဲ့ဆန္ဒတစ်ခုပါပဲ။"

# သစ်တောထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ပါးစေခြင်း -

## သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ မိရိုးဖလာစနစ်၊ စော်တေးဒဲကော်

အခက်အခဲများကို ကြံ့ကြံ့ခံရာနှင့် ရင်ဆိုင်ဖြေရှင်းရာတွင် စော်တေးဒဲကော်ထဲရှိ သစ်တောများသည် မရှိမဖြစ်လိုအပ်သောအခြေခံအုတ်မြစ်တစ်ခုဖြစ်သောကြောင့် ဌာနေကရင်တို့သည် မိမိတို့ကော်နယ်မြေအတွင်းရှိ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်တောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းခြင်းအားဖြင့် သဘာဝနှင့်လူသား အပြန်အလှန်အကျိုးပြုလျက် နေထိုင်ကြသည်။ ကော်နယ်မြေအသီးသီးရှိ ဌာနေကရင်တိုင်းရင်းသားလူထုတို့သည် ၎င်းတို့၏ သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန်အတွက် မိရိုးဖလာသစ်တောစီမံခန့်ခွဲမှုအလေ့အထများကို စဉ်ဆက်မပြတ်ထိန်းသိမ်းကျင့်သုံးလာသကဲ့သို့ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် KNU ခေါင်းဆောင်တို့၏ပံ့ပိုးကူညီမှုများဖြင့် ၎င်းတို့သည် ဒေသခံဌာနေတိုင်းရင်းသားများကိုယ်တိုင် ချိတ်ဆက်ပါဝင်ထိန်းသိမ်းစောင့်ရှောက်သည့် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ကို ထူထောင်နိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ကာ ဝိုင်းဝန်းဆောင်ရွက်နေကြသည်။



*သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းရှိ ဌာနေလူထုတို့၏မြေယာစီမံခန့်ခွဲမှု*

# မိရိုးဖလာ သစ်တောစီမံအုပ်ချုပ်ခြင်းစနစ်



*စော်တေးဒဲကော်၏ အရင်းအမြစ်ပြမြေပုံကို ရေးဆွဲကြစဉ်*

စော်တေးဒဲကော်၏ လူမှုအသိုင်းအဝိုင်းများသည် ၎င်းတို့ မျိုးရိုးစဉ်ဆက်အဆက်ဆက် လက်ဆင့်ကမ်းကျင့်သုံးလာခဲ့သည့် အသိပညာနှင့် အလေ့အထများအတိုင်း သစ်တောများကို ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ကော်နယ်မြေထဲရှိ ရေဝေရေလဲဒေသများ၊ တောင်ရိုးတောင်ကြော၊ နှင့် အထွတ်အမြတ်ထားရာနယ်မြေများအပါအဝင် အခြားသော ယဉ်ကျေးမှုနှင့် ဂေဟာစနစ်အရ အရေးပါသောနေရာများတွင် စိုက်ပျိုးရေးလုပ်ကိုင်ခြင်းနှင့် သယံဇာတထုတ်ယူခြင်းကို တားမြစ်ထားသည်။

ဒေသခံများ လိုအပ်သော၊ ဥပမာ - နေအိမ်၊ ဘာသာရေး (သို့မဟုတ်) လူမှုရေးအဆောက်အအုံများအတွက် သစ်ခုတ်ယူနိုင်သော သစ်တောနယ်မြေနှစ်ခု (ထီးဘောလိုနှင့် ထီးနီလို) ကို ကော်နယ်မြေထဲတွင် ရပ်ရွာက သတ်မှတ်ထားသည်။ သစ်ကို အကျိုးအမြတ်အတွက် (သို့မဟုတ်)  ရောင်းချရန်အတွက် ထုတ်ယူခြင်းသည် ဤဒေသ၏ ယဉ်ကျေးမှုစံနှုန်းများကို ဆန့်ကျင်ခြင်း ဖြစ်သည်။ အမဲလိုက်ရန် လေးဘောခီး၊ ထီးနေခီး၊ သခိုဒေးနှင့် ယာခီး၊ စသော နယ်မြေလေးခုကို သတ်မှတ်ထားသည်။ အလားတူပင် အမဲလိုက်ခြင်းသည် မိသားစုစားရန်အတွက်သာ ဖြစ်ရမည်ဖြစ်ပြီး စီးပွားဖြစ်အတွက် လုံးဝမလုပ်ဆောင်ရဟု ဌာနေကရင်လူထုတို့က  တားမြစ်ထားကြသည်။

စော်တေးဒဲကော်တွင် ရောဂါဝေဒနာများကို ကုသရန် (သို့မဟုတ်) ကျန်းမာရေးအတွက်မှီဝဲရန် ဆေးဖက်ဝင်အပင်မျိုးစုံကို ရှာဖွေထုတ်ယူနိုင်သည့် ပရဆေးသစ်တောလည်း ရှိသည်။ မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်မျိုးစိတ်အချို့ နေထိုင်ကျက်စားသော တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတစ်ခုလည်း ရှိသည်။ ဤဘေးမဲ့တောတွင် အမဲလိုက်ခြင်းနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း ရှာဖွေရယူခြင်းတို့ကို တင်းကြပ်စွာ တားမြစ်ထားသည်။

တောမီးလောင်ခြင်းကို ဟန့်တားရန်နှင့် သစ်တောစဉ်ဆက်မပြတ်ရှင်သန်စေသော စီမံခန့်ခွဲမှုစနစ်များကို မြှင့်တင်ရန် ဌာနေပြည်သူလူထုတို့သည် စော်တေးဒဲကော်(ကော်ထီးမူးရှီး) နှင့် စော်မူဒဲကော်(ကော်နေသား) တို့၏ နယ်နိမိတ်အကြားရှိ စဖယ်ဘွာ၊ သေဝါးလောဒေါ်၊ ခါဘောဘွာနှင့် ဝါးပေါ်သေါ၊ စသော နေရာ (၅) နေရာတွင် မီးတားလမ်းများကို ပြုလုပ်ထားသည်။

| | |
|---|---|
| ဒေသအလိုက် သစ်ခုတ်ရန် သတ်မှတ်ထားသော နေရာ | ၂ |
| ဒေသအလိုက် အမဲလိုက်ရန် သတ်မှတ်ထားသော နေရာ | ၄ |
| ဆေးဘက်ဝင် သစ်တော | ၁ |
| တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော | ၁ |



# သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း သစ်တောနှင့်ဘိုးဘွားမြေယာများကို စီမံအုပ်ချုပ်ခြင်းနှင့် ထိန်းသိမ်းခြင်း

ဒေသခံ ဌာနေကရင်လူမျိုးစုတို့ကာကွယ်ထိန်းသိမ်းနေသည့် စော်တေးဒဲကော်သည် ပိုမိုကြီးမားပြီး ဌာနေတိုင်းရင်းသားများကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့် ဦးဆောင်ပါဝင်ထိန်းသိမ်းသည့် သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏အစိတ်အပိုင်းဖြစ်သည်။ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ကို ၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး စုစုပေါင်းအကျယ်အဝန်း ၅၇၅,၄၅၀ ဟက်တာ ရှိသည်။ ဤဥယျာဉ်၏ ရည်ရွယ်ချက်မှာ ကော်သူးလေနယ်မြေ၊ တောအူးခရိုင်ရှိဌာနေတိုင်းရင်းသားလူမျိုးများ၏ ဘိုးဘွားနယ်မြေများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် ယဉ်ကျေးမှုအရ အရေးပါသည့်ဒေသများကို ပြန်လည်မွမ်းမံအသက်သွင်းရန်နှင့် ပိုမိုအားကောင်းလာစေရန်ဖြစ်သည်။ ဤဥယျာဉ်သည် ကရင်ပြည်နယ်၏ မြောက်ပိုင်းတွင်တည်ရှိပြီး မူတြော်ခရိုင်ရှိ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့် ကရင်နီပြည်နယ်ရှိ သောသီဘွော်ဂေါ် ငြိမ်းချမ်းရေးဥယျာဉ်၊

စသည်တို့နှင့်ထိစပ် တည်ရှိနေသည်။ တစ်ချိန်တည်းတွင် ဤဥယျာဉ်သုံးခုကိုချိတ်ဆက်ခြင်းမှတစ်ဆင့် ကျယ်ပြန့်သော ဌာနေတိုင်းရင်းသားများထိန်းသိမ်းစောင့်ရှောက်ရာ စကြံ့လမ်းကြောင်း တစ်ခုကို ထူထောင်နိုင်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နေကြသည်။

သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း နေထိုင်သော ဌာနေတိုင်းရင်းသားများ၏ မျှော်မှန်းချက်မှာ ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် အပြန်အလှန်အကျိုးပြုလျက် လိုက်လျောညီထွေစွာ နေထိုင်ရန်၊ လုံခြုံသောအသက်မွေးဝမ်းကျောင်းကို ရရှိရန်၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရန်နှင့် မိရိုးဖလာမြေယာနှင့်သယံဇာတအုပ်ချုပ်မှုဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝရရှိကျင့်သုံးနိုင်ရန် ဖြစ်သည်။ ဟက်တာ ၅၇၅,၄၅၀ ကျယ်ဝန်းသော ဤဌာနေတိုင်းရင်းသားဥယျာဉ်တွင် သက်ဆိုင်ရာနယ်မြေတို့၏စီမံခန့်ခွဲမှုစနစ်များအတူ ပြန်လည်တိုင်းတာမှတ်တမ်းတင်ထားပြီးဖြစ်သော ကော်နယ်မြေ ၁၈ ခု၊ ကြိုးဝိုင်းသစ်တော ၆ ခု၊ ကျေးရွာပိုင်ဘုံသစ်တော ၄ ခု၊ ရေဝေရေလဲထိန်းသိမ်းရေးဧရိယာ ၁ ခု၊ နှင့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့သစ်တော ၁ ခု၊ စသည်တို့ ရှိသည်။

သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်သည် တောအူးခရိုင်ရှိဌာနေတိုင်းရင်းသားလူမျိုးများ၏ တီထွင်ကြံဆမှုတစ်ခု ဖြစ်သည်။ မိမိတို့၏ ကော်နယ်မြေများကိုသာမက ထိုထက်ပိုမိုကျယ်ပြန့်သော သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲများကိုပါ ကာကွယ်ထိန်းသိမ်းလိုသော ဌာနေကရင်တိုင်းရင်းသားတို့၏ သန္နိဋ္ဌာန်ကို သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်က ကိုယ်စားပြုထင်ဟပ်စေပါသည်။

## စော်တေးဒဲကော်၏ သစ်တောနှင့် လူမှုအသိုင်းအဝိုင်းအပေါ် ခြိမ်းခြောက်မှုများ

စောတေးဒဲကော်ရှိ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့အားကာကွယ်ပြီး အကျိုးကျေးဇူးများစွာပေးနေသော သစ်တောများကို ကြိုးပမ်းအားထုတ်ကာကွယ်ချိန်တွင် သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲ၊ နှင့် လူထုတို့၏အကြားတွင်ရှိသော အပြန်အလှန်မှီခိုအကျိုးပြုသည့်ဆက်ဆံမှုသည် ကြီးမားသောခြိမ်းခြောက်မှုနှင့်အခက်အခဲများကို ရင်ဆိုင်နေကြရသည်။ ၂၀၂၁ ခုနှစ်၊ မြန်မာစစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံတစ်ဝှမ်းတွင် မြန်မာစစ်တပ်၏ထိုးစစ်များပြန်လည်ပြင်းထန်လာ၍ သယံဇာတလုယူသိမ်းပိုက်မှုများ ပိုမိုများပြားလာခြင်းနှင့်အတူ ဒေသခံဌာနေတိုင်းရင်းသားများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများမှာ ပိုမိုဆိုးရွားလာခဲ့သည်။

## ၂၀၂၁ ခုနှစ် စစ်အာဏာမသိမ်းမီ ခြိမ်းခြောက်ခံရမှုများ

လက်နက်ကိုင်ပဋိပက္ခအများအပြားရပ်တန့်သွားသော်လည်း တောအူးခရိုင်ရှိဌာနေကရင်လူမျိုးများသည် ဒီမိုကရေစီကာလဟုခေါ်တွင်သော ၂၀၁၁-၂၀၂၁ နှစ်များအကြားတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သော မြေယာပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် နိုင်ငံတစ်ဝှမ်းရှိ မြေယာများ၏ ၃၀ ရာခိုင်နှုန်းကျော်ကို မြေလွတ်၊ မြေလပ်၊ မြေရိုင်းအဖြစ် သတ်မှတ်လိုက်သည်။ ယင်းတို့အနက် ၈၂ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံ တိုင်းရင်းသားပြည်နယ်ခုနစ်ခုရှိ မြေများဖြစ်သည်။[၁၀] အဆိုပါဥပဒေများသည် ရေအားလျှပ်စစ်

[၁၀] Gelbord, J., 2018. *Implementation of Burma's Vacant Fallow and Virgin Land Management Law: At Odds with the National Ceasefire Agreement and Peace Negotiations.* TNI. Accessed at: https://www.tni.org/en/article/implementation-of-burmas-vacant-fallow-and-virgin-land-management-law

စီမံကိန်းများနှင့် စိုက်ပျိုးရေးစီမံကိန်းများအပါအဝင် အကြီးစားစီးပွားရေးစီမံကိန်းများကိုလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းပေးထားခြင်းဖြစ်ပြီး တောအူးခရိုင်အတွင်း မြန်မာစစ်တပ်စခန်းသစ်များ ဆောက်လုပ်ရန်အတွက် မြေယာသိမ်းဆည်းနိုင်ရန်ဖြစ်သည်။ ထိုကာလအတွင်း၌ ဗဟိုအစိုးရ၏အုပ်ချုပ်ရေးနှင့် စီးပွားရေးကုမ္ပဏီများသည် တောအူးခရိုင်ရှိဌာနေတိုင်းရင်းသားလူထုတို့၏နယ်မြေများသို့ ဝင်ရောက်ကာ ၎င်းတို့၏အုပ်ချုပ်ရေးနှင့်လုပ်ငန်းများကိုတိုးချဲ့ခဲ့သည်။ ဤအရာများသည်လူထုနှင့် ၎င်းတို့၏ကော်နယ်မြေများအကြားရှိ အပြန်အလှန်မှီခိုအကျိုးပြုသည့်ဆက်ဆံရေးကို အနှောင့်အယှက် ဖြစ်စေခဲ့ပါသည်။

## ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ခြိမ်းခြောက်ခံရမှုများ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ မြန်မာစစ်တပ်၏ အာဏာသိမ်းမှုသည် ၂၀၂၁ မတိုင်ခင် ဆယ်နှစ်တာအတွင်း ရှိခဲ့သော ဒီမိုကရေစီယောင်ယောင်ကာလကို ရုတ်တရက်အဆုံးသတ်လိုက်ပြီး နိုင်ငံတဝှမ်း၌ ပဋိပက္ခနှင့် စစ်ပွဲများကို ပြန်လည်ပေါ်ပေါက်လာစေခဲ့သည်။ ဤအရာများသည် တောအူးခရိုင်ရှိ ဌာနေတိုင်းရင်းသားလူထုအတွက် စိန်ခေါ်မှုအသစ်များစွာကို ဆောင်ကျဉ်းပေးစေခဲ့ပါသည်။

စစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်းသို့ မြန်မာစစ်တပ်မှ ကျူးကျော်ဝင်ရောက်လာသဖြင့် တကျော့ပြန် လက်နက်ကိုင်ပဋိပက္ခများ မကြာခဏ ဖြစ်ပွားခဲ့သည်။ ဌာနေလူထုများ ခရီးသွားလာရာတွင် စစ်ဆေးရေးဂိတ်များ၊ ခရီးသွားလာမှုကန့်သတ်ချက်များ၊ နှင့် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ အထူးစစ်ဆေးမေးမြန်းမှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ထို့အပြင် စစ်ကောင်စီသည် ဝေဟင်စောင့်ကြည့်မှုများကို မကြာခဏပြုလုပ်ပြီး အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေသည့် လေကြောင်းတိုက်ခိုက်မှုကိုလည်း သုံးကြိမ်ဆက်တိုက် ပြုလုပ်ခဲ့သည်။

သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း ဆယ်စုနှစ်များစွာကြာသော မြန်မာစစ်တပ်၏စစ်ရေးလှုပ်ရှားမှုများကြောင့် ယခုအခါ မြန်မာစစ်စခန်း ၅၂ ခု ရှိနေပြီ ဖြစ်ပါသည်။ အာဏာသိမ်းပြီးနောက် မြန်မာစစ်တပ်၏အကြမ်းဖက်မှုများကို တောအူးခရိုင်က ဆိုးဆိုးရွားရွား မကြုံတွေ့ခဲ့ရသော်လည်း ရပ်ရွာလူထုများသည် အချိန်မရွေးဖြစ်ပွားနိုင်သောစစ်ပွဲများနှင့် ထိုသို့ဖြစ်လာပါက နောက်တစ်ကြိမ်ထွက်ပြေးရအုံးမည်ကို နားလည်သောကြောင့် အကြောက်တရားဖြင့် ဆက်လက်နေထိုင်နေကြရသည်။ နှစ်ပေါင်းလေးဆယ်ကျော် စစ်အာဏာရှင်စနစ်၏ဖိနှိပ်မှုကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသောစော်တေးဒဲကော်၏ ဌာနေကရင်တိုင်းရင်းသားလူထုများသည် အဆုံးမသတ်သော မြန်မာစစ်တပ်၏အကြမ်းဖက်မှုသံသရာတွင် ယခင်အတိတ်က ရရှိခဲ့သည့်စိတ်ဒဏ်ရာများကို ထပ်မံခံစားနေရလျက် အကြောက်တရားနှင့် ဆက်လက်အသက်ရှင်နေထိုင်နေရသည်။

## နိဂုံး

ရာသီဥတုပြောင်းလဲမှုက ယူဆောင်လာသောအကျိုးသက်ရောက်မှုများသည် မိမိတို့၏ ဘဝရှင်သန်ရန် မြေယာနှင့် သစ်တောများအပေါ် မှီခိုနေရသည့် ကမ္ဘာတစ်ဝှမ်းရှိ ကျေးလက်နေ ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူထုများအတွက် ကြီးမားသောအန္တရာယ်နှင့် စိန်ခေါ်မှုများကို ဖြစ်ပေါ်စေပါသည်။ အလားတူပင် စော်တေးဒဲကော်ရှိ ရပ်ရွာလူထုများသည် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများကိုသာမက မြန်မာစစ်တပ်၏ ဆယ်စုနှစ်လေးခုကျော်သော ဖိနှိပ်မှုများကိုပါ ယနေ့

အထိတိုင် ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်ပါသည်။ ဤသို့သောအခြေအနေများတွင် အခက်အခဲများကို ကြံ့ကြံ့ခံဖြေရှင်းနိုင်ရန်အတွက် ၎င်းတို့၏ဘိုးဘွားမြေဖြစ်သော "ကော်" နှင့် ဘိုးဘွားစဉ်ဆက် ကျင့်သုံးလာခဲ့သော ဌာနေအသိပညာ၊ ယဉ်ကျေးမှုနှင့် အလေ့အထများက အဓိကထောင့်တိုင်များဖြစ်ခဲ့သည်။ ရေကြီးခြင်း (သို့မဟုတ်) သီးနှံဖျက်ပိုးပြဿနာများကို တွေ့ကြုံခဲ့ရချိန်တွင် ဖြေရှင်းရန် မိရိုးဖလာသွန်သင်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို မှီခိုအားထားခဲ့ကြပြီး မြန်မာစစ်တပ်၏ကျူးကျော်တိုက်ခိုက်မှု နှင့် မြန်မာစစ်တပ်ကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးရသည့်အချိန်တွင် ဒေသခံများသည် ၎င်းတို့၏ ခိုလှုံရာအတွက် သစ်တောများကို မှီခိုအားထားခဲ့ကြသည်။

ရပ်ရွာလူထုကကော်ကို စောင့်ရှောက်ပြီး ကော်က ရပ်ရွာလူထုကိုပြန်လည်စောင့်ရှောက်နေသည့် စော်တေးဒဲကော်နှင့် ၎င်း၏စီမံခန့်ခွဲမှုများသည် မိမိဒေသ၏သဘာဝအရင်းအမြစ်များကိုသာ ထိန်းသိမ်းစောင့်ရှောက်ခြင်းမဟုတ်ဘဲ သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဉ်ကဲ့သို့သော ဌာနေတိုင်းရင်းသားများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဦးဆောင်လုပ်ကိုင်သည့် ထိန်းသိမ်းရေးစီမံချက်များကိုပါ ပံ့ပိုးလျက်ရှိသည်။ ဤကဲ့သို့ လူထုနှင့် ၎င်းတို့၏ကော်နယ်မြေအကြား မျိုးဆက်ပေါင်းများစွာ အပြန်အလှန်မှီခိုအကျိုးပြုသည့်ဆက်ဆံရေးများရှိခဲ့သော်လည်း ဆက်လက်ဖြစ်ပွားသော ရာသီဥတုဖောက်ပြန်မှု၊ မြေယာသိမ်းဆည်းမှုများနှင့် စစ်၏ ထိုးနှက်ချက်များက ဤကောင်းမွန်သော အပြန်အလှန်မှီခိုအကျိုးပြုမှုစက်ဝန်းကို ပြောင်းပြန်လှန်စေနိုင်ပြီး ရပ်ရွာလူထု၊ သစ်တောနှင့် ရာသီဥတုတို့အတွက် ကပ်ဘေးအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်ပါသည်။

ရာသီဥတုပြောင်းလဲမှု၏ ပြင်းထန်သောသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဌာနေတိုင်းရင်းသားအသိုက်အဝန်းများနှင့် ၎င်းတို့၏နယ်မြေများအကြား ထိန်းသိမ်းထားရှိသည့် အပြန်အလှန်မှီခိုအကျိုးပြုသောဆက်ဆံရေးကို ကမ္ဘာလုံးဆိုင်ရာ အရေးတကြီးလုပ်ဆောင်ရမည့်လုပ်ငန်းတစ်ခုအဖြစ်သတ်မှတ်ပြီး ကာကွယ်ရန်၊ ပံ့ပိုးကူညီရန်နှင့် မြှင့်တင်ရန် ကျွန်ုပ်တို့မှ အကြံပြုတောင်းဆိုလိုက်သည်။

## အကြံပြုချက်များ

***သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ကော်မတီ၊ တောအူးခရိုင်ခေါင်းဆောင်များနှင့် ဌာနေကရင်လူထုများ လုပ်ဆောင်ရန်***

၁၊ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်အတွင်း ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများနှင့် ထိုအတွက် ဌာနေတိုင်းရင်းသားများ ကျင့်သုံးနေသော ခုခံဖြေရှင်းနည်းစနစ်များကို သုတေသန ဆက်လက်ပြုလုပ်ရန်။

၂၊ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ထဲတွင်ရှိသောကော်အသီးသီး၏ဓလေ့ထုံးတမ်းဥပဒေများနှင့် အုပ်ချုပ်ရေးစနစ်များကို ပိုမိုခိုင်မာအောင်၊ ပြန်လည်ရှင်သန်အောင်၊ နှင့် စိုးမိုးမှုရှိအောင် ပြုလုပ်ရန်နှင့် မှတ်တမ်းတင်ရန်။

၃၊ သောသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်ထဲရှိ ဌာနေတိုင်းရင်းသားလူထုအတွက် သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲ၊ ရေဝေရေလဲဒေသ၊ နှင့် ရေနေသတ္တဝါထိန်းသိမ်းခြင်းများ အပါအဝင် အခြားသက်ဆိုင်ရာ သဘာဝအရင်းအမြစ်များနှင့် ပတ်သက်သည့် ရေရှည်စီမံခန့်ခွဲခြင်းဆိုင်ရာ အသိပညာပေးသင်တန်းများကို ပြုလုပ်ပေးရန်နှင့် စည်းရုံးလှုပ်ဆော်ရန်။

၄၊ သစ်တောထိန်းသိမ်းရေးအစီအစဉ်များကို ချမှတ်ပြီး အထူးသဖြင့် သစ်တောပြုန်းတီးသွားသော၊ နှင့် သစ်တောပျက်စီး

ယိုယွင်းနေသောဒေသများတွင် ဒေသရင်းသစ်ပင်မျိုးစိတ် ပြန်လည်စိုက်ပျိုးခြင်းလှုပ်ရှားမှုများကိုဆောင်ရွက်ရန်။

၅၊ ဌာနေတိုင်းရင်းသားများ၏ မြေယာကို မတရားသိမ်းယူပြီး သစ်တောများကိုပျက်စီးစေသလို ဒေသခံတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုအန္တရာယ်ပြုနေသောအကြီးစားဖွံ့ဖြိုးရေးနှင့် သယံဇာတတူးဖော်ထုတ်လုပ်ရေးစီမံကိန်းများအားလုံးကို တားမြစ်ရန်။

၆၊ သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ဇီဝမျိုးကွဲထိန်းသိမ်းရေးတွင် လူငယ်နှင့်အမျိုးသမီးများအား ပါဝင်စေရန်။

၇၊ သေသသီတောအူးဌာနေတိုင်းရင်းသားများဥယျာဉ်၏ပြည်သူအားလုံး အရင်းအမြစ်များသာတူညီမျှသုံးစွဲနိုင်ရန်အတွက် သဘာဝအရင်းအမြစ် အကျိုးခံစားခွင့် စည်းမျဉ်းစည်းကမ်းများကို စုပေါင်းတိုင်ပင်ပြီး ရေးဆွဲရန်။

## အနာဂတ် ဒီမိုကရေစီအစိုးရက လုပ်ဆောင်ရန်

၁၊ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒများကို ထာဝရဖျက်သိမ်းရန်။

၂၊ မြန်မာစစ်တပ်မှ တိုင်းရင်းသားများ၏ ဘိုးဘွားပိုင်နယ်မြေများကို သိမ်းယူနိုင်ရန်နှင့် သဘာဝအရင်းအမြစ်များကို လုယူနိုင်ရန်၊ ထို့အပြင် စစ်တပ်၏ဖိနှိပ်ချုပ်ချယ်မှုကို သက်ဆိုးရှည်စေရန် အခွင့်အလမ်းပေးသည့် စစ်တပ်ရေးဆွဲခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အပြီးတိုင်ဖျက်သိမ်းရန်။

၃၊ ဌာနေတိုင်းရင်းသားများ၏ မြေယာနှင့်သယံဇာတ အခွင့်အရေးများကို ဥပဒေများတွင် ထည့်သွင်းပြီး အပြည့်အဝ အကာအကွယ်ပေးရန်။

၄၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် ရာသီဥတုဆိုင်ရာအကျိုးကျေးဇူးများစွာကိုရရှိစေသည့် သီးနှံသစ်တောရောနှောစိုက်ပျိုးရေးကဲ့သို့သော သစ်တောအခြေခံ အသက်မွေးဝမ်းကျောင်းစနစ်များ အားကောင်းလာစေရန်အတွက် အသိအမှတ်ပြု ပံ့ပိုးကူညီပေးရန်။

၅၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများကို ကြံ့ကြံ့ခံပြီး လျော့ပါးသက်သာစေသည့် ဌာနေလူထုတို့၏ နည်းဗျူဟာများကို တရားဝင်အသိအမှတ်ပြုပြီး ပံ့ပိုးမြှင့်တင်ပေးရန်။

၆၊ ဌာနေတိုင်းရင်းသားများ၏ ရိုးရာအသိပညာ၊ ကျွမ်းကျင်မှု၊ ဉာဏ်ပညာနှင့် လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာမူဝါဒများတွင်တရားဝင်အသိအမှတ်ပြုရန်၊ မြှင့်တင်ရန်နှင့် ကျင့်သုံးရန်။

## နိုင်ငံတကာအသိုင်းအဝိုင်း၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO များ၊ အလှူရှင်များနှင့် အစိုးရများလုပ်ဆောင်ရန်

၁၊ နိုင်ငံတကာသဘောတူညီချက်များနှင့် စာချုပ်များအားလုံးကို စည်းနှောင်မှုရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ၊ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုကပ်ဆိုးများကို ကိုင်တွယ်ဖြေရှင်းရန်။

၂၊ ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် ဌာနေလူထုတို့၏အခန်းကဏ္ဍကို တရားဝင်အသိအမှတ်ပြုပြီး ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ၎င်းတို့အား ငွေကြေး၊ နိုင်ငံရေးအခွင့်အလမ်းနှင့် နည်းပညာဆိုင်ရာပံ့ပိုးမှုများပေးရန်။ ထိုသို့ပံ့ပိုးရာတွင် ဌာနေလူထုအသိုင်းအဝိုင်းနှင့်အဖွဲ့အစည်းများမှတစ်ဆင့် တိုက်ရိုက်ပေးရန်။

၃၊ ဌာနေလူထု၏မြေယာအခွင့်အရေးများကိုဥပဒေကြောင်းအရ အာမခံကာကွယ်ပေးခြင်းဖြင့် လူမှုရေးနှင့် ရာသီဥတုဆိုင်ရာ တရားမျှတမှုကို မြှင့်တင်ရန်။

၄၊ သက်ဆိုင်ရာမူဝါဒများတွင် ဌာနေတိုင်းရင်းသားများ၏ ရိုးရာအသိပညာ၊ ကျွမ်းကျင်မှု၊ ဉာဏ်ပညာနှင့် လုပ်ထုံးလုပ်နည်းများကို လေးစားပြီး တရားဝင်အသိအမှတ်ပြု မြှင့်တင်ပေးရန်။

# “ကော်ကို ကျွန်ုပ်တို့ကာကွယ်သည်၊ ကော်က ကျွန်ုပ်တို့ကို ပြန်ကာကွယ်ပေးသည်”

## သောသီတောအူး ဌာနေတိုင်းရင်းသားများဥယျာဥ်အတွင်း ရာသီဥတုပြောင်းလဲမှုနှင့် စစ်မက်များကို အလိုက်သင့်တွန်းလှန်သော ဌာနေတိုင်းရင်းသားများ၏ ခံနိုင်ရည်စွမ်း

ပြုစုထုတ်ဝေသူ

ဒီဇင်ဘာလ၊ ၂၀၂၂ ခုနှစ်

WANIDA PRESS ပုံနှိပ်တိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ

